ယနေ့မြန်မာ နေ့စဉ်

The Mandalay Daily

၁၉၉၇ ခုနှစ် ၊ နိုဝင်ဘာလ ၃ ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၉) ၊ အမှတ်(၂၅၀)၊ ၁၃၈၆ ခုနှစ်၊ ဝါခေါင်လဆန်း ၂ ရက် ၊ ၁၅-၈-၂၀၂၄၊ ကြာသပတေးနေ့။

## မြတ်ဗုဒ္ဓ၏ အဆုံးအမတရား

(သစ္စာလေးပါးဟူသည်ကား) ဆင်းရဲအမှန်ဖြစ်သော ဒုက္ခသစ္စာ၊ ဆင်းရဲခြင်း၏ အကြောင်းရင်းအမှန်ဖြစ်သော သမုဒယသစ္စာ၊ ဆင်းရဲမှ လွတ်မြောက်ရာအမှန်ဖြစ်သော နိရောဓသစ္စာ၊ ဆင်းရဲငြိမ်းရာ နိဗ္ဗာန်သို့ရောက်ကြောင်း အစစ်ဖြစ်၍ မြတ်သော အင်္ဂါရှစ်ပါးနှင့် ပြည့်စုံသော မဂ္ဂသစ္စာ။ (ဤလေးပါးတည်း။) (ဓမ္မပဒ)

**နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့**

➢ နိုင်ငံတော်၏ အနာဂတ်သည် ယနေ့ကလေးများ တော်သလောက် ကောင်းသည့်အပေါ်တွင် တည်မှီနေခြင်းကြောင့် လူကောင်း လူတော် ဖြစ်အောင် လေ့ကျင့်ပေးသည့်ကျောင်းသို့ သွားဖြစ်အောင် သွားကြပါ။ မိဘများကလည်း ပို့ဖြစ်အောင် ပို့ပေးကြပါ။



ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီ ဘယ်လာရုစ်သမ္မတနိုင်ငံ Belaya Rus ပါတီဥက္ကဋ္ဌ Ms. Olga Chemodanova အား လက်ခံတွေ့ဆုံစဉ်။

## အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးအောင်လင်းဒွေး ဘယ်လာရုစ်သမ္မတနိုင်ငံ Belaya Rus ပါတီဥက္ကဋ္ဌအား လက်ခံတွေ့ဆုံ

နေပြည်တော် ဩဂုတ် ၁၄

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးအောင်လင်းဒွေး သည် ဘယ်လာရုစ်သမ္မတနိုင်ငံ Belaya Rus ပါတီ ဥက္ကဋ္ဌ Ms. Olga Chemodanova ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ အမျိုးသား လွှတ်တော်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံ သည်။

တွေ့ဆုံစဉ် နှစ်နိုင်ငံလွှတ်တော်များအကြား ဆက်ဆံရေးတိုးမြှင့်ဆောင်ရွက်ခြင်းဖြင့် နှစ်နိုင်ငံ ပြည်သူ့ကိုယ်စားလှယ်များ၏ ဆက်ဆံရေးတိုးမြှင့် ရေး၊ နှစ်နိုင်ငံအကြား ယုံကြည်နားလည်မှု၊ လေးစားမှု များဖြင့် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုမြှင့်တင်နိုင် ရေး၊ လွှတ်တော်နှစ်ရပ်အကြား နိုင်ငံရေးဆိုင်ရာ ဆွေးနွေးမှုများ၊ စီးပွားရေးနှင့် လူမှုရေးဆိုင်ရာ

စာမျက်နှာ ၃ သို့ ❐



အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးအောင်လင်းဒွေးနှင့်အဖွဲ့ ဘယ်လာရုစ်သမ္မတနိုင်ငံ Belaya Rus ပါတီဥက္ကဋ္ဌ Ms. Olga Chemodanova ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့နှင့် မှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီ ဘယ်လာရုစ်သမ္မတနိုင်ငံ Belaya Rus ပါတီဥက္ကဋ္ဌအား လက်ခံတွေ့ဆုံ

နေပြည်တော် ဩဂုတ် ၁၄

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီသည် လွှတ်တော်သို့လာရောက်လေ့လာသည့် ဘယ်လာရုစ် သမ္မတနိုင်ငံ Belaya Rus ပါတီဥက္ကဋ္ဌ Ms. Olga Chemodanova ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ အား ယနေ့မွန်းလွဲပိုင်းတွင် လွှတ်တော်အဆောက် အအုံ ဇမ္ဗူသီရိခန်းမဆောင်၌ လက်ခံတွေ့ဆုံ သည်။

ဦးစွာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက လွှတ်တော် ၏ ဖွဲ့စည်းပုံနှင့်တာဝန်များ၊ ကော်မတီများ ဖွဲ့စည်းထားရှိမှုနှင့် ကိုယ်စားလှယ်များအား

စာမျက်နှာ ၃ သို့ ❖

## ကျောက်ဆည်မြို့နယ် ချောင်းဆုံကျေးရွာ၌ စိုက်ပျိုးထားသော ပဲစင်းငုံစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်း

**ကျောက်ဆည် ဩဂုတ် ၁၄**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ ကျောက်ဆည် မြို့နယ်၌ ၂၀၂၄-၂၀၂၅ ခုနှစ် မိုးပဲစင်းငုံသီးနှံ ၃၃၅ ဧက စိုက် ပျိုးထားကြောင်း မြို့နယ်မြေ စာရင်းဦးစီးဌာနမှ သိရပြီး ချောင်း ဆုံကျေးရွာ တောင်သူ ဦးမင်းမင်း စိုက်ပျိုးထားသည့် ပဲစင်းငုံစိုက် ခင်းများ အောင်မြင်ဖြစ်ထွန်း လျက်သည်။

တောင်သူများအနေဖြင့် ပဲစင်းငုံသီးနှံစိုက်ပျိုးရာ၌ ဒေသ အလိုက် ပဲတီစိမ်း၊ ဝါ၊ နှမ်းသီးနှံ များကို သီးညှပ်အဖြစ် တွဲဖက်၍ စိုက်ပျိုးကြကြောင်း၊ အဆိုပါ သီးညှပ်သီးနှံများ ရိတ်သိမ်းပြီး သည့်အချိန်တွင် ပဲစင်းငုံအပင်များ ကြီးထွားသန်မာ၍ အပွင့်များ ဖြိုင်ဖြိုင်ပွင့်လာပြီး အသီးအကင်း များ စတင်ဝင်လာစေရန်အတွက် မြေဆွခြင်း၊ ပေါင်းလိုက်ခြင်းနှင့် လိုအပ်သည့် ဖျန်းဆေးများ ဖျန်း ပေးကာ အပင်ပြုစုခြင်းများ ဆောင်ရွက်ကြောင်း ပဲစင်းငုံစိုက် တောင်သူတစ်ဦးက ရှင်းပြသည်။

ကျောက်ဆည်မြို့နယ်၌ တိုက်နယ်(၁၂)ခုရှိပြီး ပဲစင်းငုံ သီးနှံများကို တိုက်နယ်(၆)၊ တိုက်နယ်(၇)၊ တိုက်နယ်(၈)နှင့် တိုက်နယ်(၁၂)အတွင်းရှိ ကျေးရွာ အုပ်စုများတွင် အများဆုံးစိုက်ပျိုး ကြကြောင်း မြို့နယ်မြေစာရင်း ဦးစီးဌာနမှ သိရသည်။

(၄၈၅)

ဝ-ဝ-ဝ-ဝ-ဝ

## ရခိုင်ပြည်နယ်မှ နေရပ်စွန့်ခွာသူများအား ပြန်လည်လက်ခံရေးနှင့်စပ်လျဉ်း၍ မြန်မာနိုင်ငံမှ ဆောင်ရွက်လျက်ရှိသည့်အခြေအနေဆိုင်ရာ သတင်းထုတ်ပြန်ချက်

(၂၀၂၄ ခုနှစ်၊ ဩဂုတ်လ ၁၅ ရက်၊ နေပြည်တော်)

ရခိုင်ပြည်နယ်မှ နေရပ်စွန့်ခွာသူများ၊ အခြားနိုင်ငံများသို့ ရွှေ့ပြောင်းသွားလာကြသည့် လှေစီးဒုက္ခသည်များနှင့် ဘင်္ဂလားဒေ့ရှ် ကော့စ်ဘဇားရှိ စခန်းများတွင် နေထိုင်လျက်ရှိသူများနှင့် ပတ်သက်၍ ကမ္ဘာ့သတင်းမီဒီယာများတွင် အမျိုးမျိုးအဖုံဖုံပုံဖော်ရေးသားလျက် ရှိကြပါသည်။ ယင်းသို့ ရေးသားထုတ်ဝေ၊ ထုတ်လွှင့်ပြောဆိုနေမှုများ သည် သတင်းမှားများ၊ အချက်အလက်မှားများအပေါ် အခြေခံလျက် တစ်ဖက်စောင်းနင်း ရေးသားပြောဆိုနေကြခြင်းဖြစ်ကြောင်း တွေ့ရှိရ ပါသည်။ သို့ဖြစ်ရာ မြန်မာနိုင်ငံအနေဖြင့် ရခိုင်ပြည်နယ်မှ နေရပ်စွန့်ခွာ သူများနှင့်ပတ်သက်၍

စာမျက်နှာ ၄ သို့ ✪

## Digital Smart မီတာအသစ်များကို Website မှ လျှောက်ထားရာတွင် ပေးသွင်းရမည့် နှုန်းထားများအား အသိပေးကြေညာခြင်း

၁။ လျှပ်စစ်ဓာတ်အားသုံးစွဲလိုသော်လည်း မီတာမရှိသေးသည့် မိဘပြည်သူများအနေဖြင့် အိမ်သုံးအပြင် စီးပွားရေး/စက်မှုလုပ်ငန်း များအတွက်ပါ လိုအပ်သည့် Digital Smart မီတာအသစ်များကို နိုင်ငံတော်အစိုးရထံမှ ငှားရမ်းအသုံးပြုရာတွင် လျင်မြန်စွာရရှိနိုင် ရန်နှင့် တစ်ဆင့်ခံပွဲစားများ၊ ဝန်ထမ်းများ၏ ပါဝင်ပတ်သက်မှုများမှ ကင်းဝေးစေပြီး အချိန်နှင့်စရိတ်စကများ သက်သာစေရန် ရည်ရွယ် ၍ ၂၀၂၄ ခုနှစ်၊ ဩဂုတ်လ ၁၅ ရက်နေ့မှစ၍ Website မှတစ်ဆင့်

စာမျက်နှာ ၃ သို့ ❊

## မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

နေပြည်တော် ဩဂုတ် ၁၃

**နေပြည်တော်နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန် အထိ ခန့်မှန်းချက်မှာ** မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန် အထိ ခန့်မှန်းချက်မှာ** မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**မန္တလေးမြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန် အထိ ခန့်မှန်းချက်မှာ** နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်းပြည့် ဖြစ်ပါသည်။

မိုး/ဇလ

၂၀၂၆ ခုနှစ်၊ ဩဂုတ် ၁၅ ရက်၊ စနေနေ့။

မန္တလေးနေ့စဉ်

# မြန်မာ့ယဉ်ကျေးမှု အမွေအနှစ်များ ထာဝစဉ်ရှင်သန်ဖွံ့ဖြိုးရေး ဆောင်ရွက်လျက်ရှိ

မြန်မာနိုင်ငံသည် ရှေးဟောင်းယဉ်ကျေးမှုအစဉ်အလာများကို နှစ်ပေါင်းထောင်ချီ ထိန်းသိမ်းလာခဲ့သည့် နိုင်ငံတစ်နိုင်ငံဖြစ်သည်။ အဆိုပါယဉ်ကျေးမှုအမွေအနှစ်များထဲတွင် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး အနုပညာရပ်များသည် မြန်မာလူမျိုးတို့၏ စိတ်ဓာတ်၊ အတွေးအခေါ်၊ ယဉ်ကျေးမှုနှင့်လူနေမှုဘဝများကို ထင်ဟပ်ဖော်ပြနေသည့် အဖိုးတန်ဒြပ်မဲ့ယဉ်ကျေးမှု အမွေအနှစ်များပင်ဖြစ်သည်။

၂၀၂၆ ခုနှစ်၊ (၂၇) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီ ပထမအကြိမ်လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဩဂုတ် ၁၃ရက် မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ဟိုတယ်၊ ခရီးသွားလာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ယဉ်ကျေးမှုရတနာခန်းမ၌ကျင်းပရာ (၂၇) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ကျင်းပရေးဦးစီးကော်မတီနာယက ဒုတိယသမ္မတ ဒေါ်နန်းနီနီအေး တက်ရောက်အမှာစကားပြောကြားခဲ့သည်။

ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီနာယက ဒုတိယသမ္မတ ဒေါ်နန်းနီနီအေးက အမှာစကားပြောကြားရာတွင် ယခု အစည်းအဝေးသည် မြန်မာ့ရိုးရာယဉ်ကျေးမှု အမွေအနှစ်များကို ထိန်းသိမ်းစောင့်ရှောက်ခြင်း၊ မျိုးဆက်သစ်များထံသို့ လက်ဆင့်ကမ်းပေးခြင်းနှင့် အမျိုးသားယဉ်ကျေးမှုကို ပိုမိုဖွံ့ဖြိုးတိုးတက်စေရေးတို့အတွက် အလွန်အရေးပါသည့် အစည်းအဝေးတစ်ရပ်ဖြစ်ကြောင်း၊ ယနေ့ခေတ်တွင် နည်းပညာဖွံ့ဖြိုးတိုးတက်မှုနှင့် ကမ္ဘာလုံးဆိုင်ရာ ယဉ်ကျေးမှု ကူးလူးယှက်နွယ်ဖလှယ်မှုများသည် အရှိန်အဟုန်မြင့်တက်လာသည်နှင့်အမျှ မိမိတို့၏ မူရင်းယဉ်ကျေးမှုအမွေအနှစ်များကို ထိန်းသိမ်းစောင့်ရှောက်ခြင်း၊ ပြန်လည်ဖော်ထုတ်မြှင့်တင်ခြင်းတို့အပြင် မျိုးဆက်သစ်များ စိတ်ပါဝင်စားလာစေပြီး လက်ဆင့်ကမ်းလွှဲပြောင်းပေးအပ်နိုင်ရန် ဆောင်ရွက်ပေးကြရမည် ဖြစ်ကြောင်း၊ ထို့ကြောင့် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲများကို ကျင်းပပေးခြင်းသည် အနိုင်အရှုံးကိုသာ ဦးတည်ယှဉ်ပြိုင်ခြင်းမဟုတ်ဘဲ မျိုးဆက်သစ်အနုပညာရှင်များ ဖော်ထုတ်ပေးနိုင်ရန်၊ ရိုးရာအနုပညာရပ်များ ရှင်သန်ဖွံ့ဖြိုးစေရန်၊ အမျိုးသားယဉ်ကျေးမှုကို မြတ်နိုးတန်ဖိုးထားသည့်စိတ်ဓာတ်များ တိုးပွားစေရန်နှင့် နိုင်ငံတော်၏ အမျိုးသားရေးကိုယ်ခံစွမ်းအား ကိုမြှင့်တင်ပေးနိုင်ရန် စသည်တို့အတွက် အရေးပါသည့် အမျိုးသားအဆင့် ယဉ်ကျေးမှုပွဲတော်ကြီးတစ်ရပ်ဖြစ်ကြောင်းပြောကြားသည်။

(၂၇) ကြိမ်မြောက်ပြိုင်ပွဲသည် ယခင်ကျင်းပခဲ့သည့် ပြိုင်ပွဲများ၏ ကောင်းမွန်သည့် အတွေ့အကြုံများကိုအခြေခံပြီး ပိုမိုစနစ်ကျနစွာဖြင့် အရည်အသွေးရှိရှိ ကျင်းပနိုင်ရေးကို ရည်မှန်းထားရမည်ဖြစ်သည်။

ဒုတိယသမ္မတက ဆက်လက်ပြောကြားရာတွင် ပြိုင်ပွဲစည်းမျဉ်းစည်းကမ်းများကို ရှင်းလင်းတိကျစွာ ချမှတ်ဆောင်ရွက်ရန်၊ အကဲဖြတ်မှုများကို မျှတပွင့်လင်းပြီး ပညာရှင်ဆန်စွာ ဆောင်ရွက်နိုင်ရန်နှင့် ပြိုင်ပွဲဝင်များ၏အရည်အချင်းကို မှန်ကန်စွာ သုံးသပ်အကဲဖြတ်နိုင်ရန် အထူးဂရုပြုဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ပြိုင်ပွဲကိုလည်း အမျိုးသားစည်းလုံးညီညွတ်မှု၊ ယဉ်ကျေးမှု ဂုဏ်သိက္ခာနှင့် မြန်မာ့အနုပညာအစဉ်အလာများကို ပိုမိုထင်ဟပ်ဖော်ဆောင်ပြီး အောင်မြင်သည့် ပြိုင်ပွဲတစ်ရပ်ဖြစ်လာစေရေးအတွက် အားလုံးက စိတ်ရင်းစေတနာအပြည့်ဖြင့် ပူးပေါင်းဆောင်ရွက်ကြရန် တိုက်တွန်းမှာကြားလိုကြောင်း၊ ကောင်းမွန်သည့် စီစဉ်ဆောင်ရွက်မှုများ၊ လိုအပ်သည့်ကြိုတင်ပြင်ဆင်ကြိုးပမ်းအားထုတ်မှုများနှင့် ကျင်းပဆောင်ရွက်နိုင်ရန်သာမက ဗဟိုအဆင့် ကျင်းပသည့် ယခုပြိုင်ပွဲကြီးသည် မြန်မာနိုင်ငံသားများ၏ အမျိုးသားယဉ်ကျေးမှုလက္ခဏာများကို ထင်ဟပ်ဖော်ပြနေသည့် ပြိုင်ပွဲတစ်ရပ်ဖြစ်စေရန်အတွက်လည်း ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်းပြောကြားခဲ့သည်။

နိုင်ငံတော်အနေဖြင့် မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်များ ထာဝစဉ်ရှင်သန်ဖွံ့ဖြိုးရေး၊ အနုပညာရပ်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် အမျိုးသားယဉ်ကျေးမှုကို နိုင်ငံတကာအလယ်တွင် ဂုဏ်ယူစွာဖော်ဆောင်နိုင်ရေးတို့အတွက် အစဉ်တစိုက်အားပေးမြှင့်တင်လျက်ရှိကြောင်း ရေးသားလိုက်ရပေသည်။

## လူထုအခြေပြုဗဟိုဌာန၌ စာဖတ်ရှိန်မြှင့်တင်ရေး ပုံပြော၊ ကဗျာရွတ်ပြိုင်ပွဲ ကျင်းပ

**ကျောက်ဆည် ဩဂုတ် ၁၄**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ စာဖတ်ရှိန်မြှင့်တင်ရေး လုပ်ငန်းများကို အခြေခံပညာဦးစီးဌာနနှင့်ပူးပေါင်း၍ စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိရာ ယနေ့မွန်းလွဲ ၂ နာရီက ကျောက်ဆည်ခရိုင်လူထု အခြေပြုဗဟိုဌာန၌ ပုံပြော၊ ကဗျာရွတ်ပြိုင်ပွဲများ ကျင်းပပြုလုပ်ခဲ့သည်။

ဦးစွာ ကျောက်ဆည်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်ခင်နှင်းရီက စာပေဖတ်ရှုသူများသည် တိုးတက်ကြပြီး၊ တိုးတက်သူများသည်လည်း စာပေဖတ်ရှုသူများဖြစ်ကြောင်းနှင့် စာပေ၏ အကျိုးကျေးဇူးများအကြောင်း ဟောပြောခဲ့ပြီး ပုံပြောပြိုင်ပွဲနှင့် ကဗျာရွတ်ဆိုပြိုင်ပွဲများ ပြုလုပ်ခဲ့ရာ အမှတ်(၁)အခြေခံပညာကျောင်းမှ ကျောင်းသား၊ ကျောင်းသူများ ပါဝင်ယှဉ်ပြိုင်ခဲ့ရာ ပြိုင်ပွဲများအပြီး၌ ကျောက်ဆည်ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိက အမှတ်တရလက်ဆောင်များ ပေးအပ်ခဲ့ကြောင်း သိရသည်။

(၄၈၅)

**သတင်းများ Online မှ တစ်ဆင့် ပေးပို့နိုင်**

မန္တလေးနေ့စဉ်သတင်းစာတိုက်သို့ ပေးပို့လျက်ရှိသော သတင်းများအား **mdydailynewspaper @gmail.com** မှ တစ်ဆင့် အချိန်မီပေးပို့နိုင်ကြောင်း သိရသည်။

(မန္တလေးနေ့စဉ်)

## တတိယအကြိမ် မန္တလေးတိုင်းဒေသကြီးလွှတ်တော် တတိယပုံမှန်အစည်းအဝေး (နဝမနေ့) ဆက်လက်ကျင်းပ

**မန္တလေး ဩဂုတ် ၁၄**

တတိယအကြိမ် မန္တလေးတိုင်းဒေသကြီးလွှတ်တော် တတိယပုံမှန်အစည်းအဝေး (နဝမနေ့)ကို ယနေ့ နံနက် ၁၀ နာရီတွင် မန္တလေးတိုင်းဒေသကြီး လွှတ်တော်အစည်းအဝေးခန်းမ၌ အစီအစဉ်(၉)ရပ်ဖြင့် ကျင်းပရာ အစည်းအဝေးသို့ မန္တလေးတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးအောင်ကျော်မိုး၊ လွှတ်တော်ဒုတိယဥက္ကဋ္ဌဦးကျော်မြင့်၊ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ စုစုပေါင်း(၇၁)ဦး တက်ရောက်ခဲ့သည်။

ဆက်လက်၍ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် (၁၇)ဦး မေးမြန်းသည့် ကြယ်ပွင့်ပြမေးခွန်း(၂၀)ခုကို သက်ဆိုင်ရာ တိုင်းဒေသကြီးအဆင့် အဖွဲ့အစည်းဝင်များက ပြန်လည်ဖြေကြားသည်။ ဆက်လက်၍ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့က "မန္တလေးတိုင်းဒေသကြီး၏ ၂၀၂၆ -၂၀၂၇ ခုဘဏ္ဍာရေးနှစ်အတွက် နောက်ထပ် ဘဏ္ဍာငွေခွဲဝေသုံးစွဲရေး လျာထားချက်" နှင့် ပတ်သက်၍ လွှတ်တော်သို့ တင်သွင်းခြင်း၊ အဆိုပါလျာထားချက်နှင့်ပတ်သက်၍ မန္တလေးတိုင်းဒေသကြီး လွှတ်တော်စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စီးပွားရေးဆိုင်ရာကော်မတီ၏ အစီရင်ခံစာကို ကော်မတီ အတွင်းရေးမှူးက ဖတ်ကြားတင်သွင်းခဲ့ကြောင်း သိရသည်။




၎င်းနောက် လွှတ်တော်ဥက္ကဋ္ဌက အဆိုပါ လျာထားချက်နှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်း ပေးသွင်းနိုင်ကြောင်းနှင့် ဆွေးနွေးမည့် နေ့ရက်ကို ကြေညာသည်။ မန္တလေးတိုင်းဒေသကြီး လွှတ်တော် တတိယပုံမှန်အစည်းအဝေး (နဝမနေ့)ကို မွန်းတည့် (၁၂:၀၀) နာရီတွင် ရပ်နားကြောင်းနှင့် အစည်းအဝေး (ဒသမနေ့)ကို ဩဂုတ် ၁၇ ရက် (တနင်္လာနေ့) နံနက်(၁၀:၀၀) နာရီတွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

(မန္တလေးနေ့စဉ်-၈)

## (၂၇)ကြိမ်မြောက် မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး၊ ပြိုင်ပွဲ အောင်မြေသာစံခရိုင်အဆင့်လူရွေးပွဲအခမ်းအနား ကျင်းပပြုလုပ်

**မန္တလေး ဩဂုတ် ၁၄**

မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံခရိုင်၊ အောင်မြေသာစံမြို့နယ်၊ ဒေါနဘွားရပ်ကွက်၊ အကွက်(၅၄)၊ ၁၄လမ်း၊ ၆၃ လမ်းနှင့် ၆၄ လမ်းကြားရှိ အ.ထ.က (၁၇)အခြေခံပညာအထက်တန်းကျောင်းတွင်(၂၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ခရိုင်အဆင့်လူရွေးပွဲ အခမ်းအနားကို ဩဂုတ် ၁၃ ရက်၊ နံနက် ၈ နာရီက ကျင်းပပြုလုပ်သည်။

အခမ်းအနားသို့ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်မှုကော်မတီ ဥက္ကဋ္ဌ(ခရိုင်အုပ်ချုပ်ရေးမှူး)ဦးမောင်ထူး၊ အတွင်းရေးမှူး ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးစိန်ယုနှင့် အဖွဲ့ဝင်များ၊ ဒုတိယခရိုင်အုပ်ချုပ်ရေးမှူး ဦးဝင်းသူအောင်၊ အကဲဖြတ်ဒိုင်ချုပ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ခရိုင်ဦးစီးမှူး ဦးမောင်မောင်အေးနှင့် ဒိုင်အဖွဲ့ဝင်များ၊ အဆိုဒိုင်၊ အကဒိုင်နှင့် အတီးဒိုင် ပညာရှင်များ၊ ခရိုင်/မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ပြိုင်ပွဲတွင်ဝင်ရောက် ယှဉ်ပြိုင်မည့် ကျောင်းသား၊ ကျောင်းသူများနှင့်အနုပညာရှင်များ၊ ဝါသနာရှင်များ တက်ရောက်ကြသည်။





ထို့နောက် သတ်မှတ်နေရာ အသီးသီးတွင် အဆို၊ အက၊ အရေးနှင့်အတီးပြိုင်ပွဲများကို ကျင်းပယှဉ်ပြိုင်စေပြီး အပြီးသတ်လူရွေးချယ်ခဲ့ကြကြောင်း သိရသည်။

(မန္တလေးနေ့စဉ်-၆)

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ် မန်း/နေ့စဉ်၊
အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၉၈၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com

ကြော်ငြာဌာန
ဖုန်း/၀၉-၇၅၁၁၇၀၁၁၉
၃၅လမ်းနှင့် ၇၁လမ်းထောင့်

# ညီညွတ်ရေးက အရေးကြီး

❝တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကတော့ အရေးကြီးတဲ့အချက်ပဲ။ လွတ်လပ်ရေးမဆုံးရှုံးခင်က တိုင်းရင်းသားတွေအားလုံး စုစုစည်းစည်းနေခဲ့ကြတယ်။ လွတ်လပ်ရေး ဆုံးရှုံးခဲ့ပြီးနောက်ပိုင်း အမျိုးမျိုးသော သွေးခွဲမှုတွေကြောင့် တိုင်းရင်းသားစည်းလုံးညီညွတ်မှု ပျက်ပြားခဲ့ကြတယ်။ လွတ်လပ်ရေးရပြီးတဲ့အချိန်မှာလည်း အမျိုးမျိုးသော သွေးခွဲမှုတွေကြောင့် တိုင်းရင်းသားစည်းလုံးညီညွတ်မှုတွေ ပျက်ယွင်းခဲ့ရတယ်။ ဒါကို ကျွန်တော်တို့ပြန်ပြီး စုစည်းညီညွတ်တဲ့ ပြည်ထောင်စုတည်ဆောက်ဖို့ လိုတာပေါ့။ မတည်ဆောက်နိုင်ရင်တော့ ပဋိပက္ခတွေဖြစ်နေမှာပဲ။ ဒါကြောင့် ညီညွတ်ရေးက အရေးကြီးပါတယ်❞

(နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ၁၉-၇-၂၀၂၆ ရက်နေ့ အာဇာနည်နေ့အခမ်းအနားသို့ လာရောက်ဂါရဝပြုရခြင်းနှင့် ပစ္စက္ခကာလတွင် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေး၊ တိုင်းရင်းသားစည်းလုံး ညီညွတ်ရေးတို့နှင့်စပ်လျဉ်း၍ မီဒီယာများ၏ မေးမြန်းမှုများ ဖြေကြားချက်မှ ကောက်နုတ်ချက်)

❖ ရှေ့ဖုံးမှ

ရွေးကောက်တင်မြှောက်ခြင်းဆိုင်ရာ ကိစ္စရပ်များ၊ သက်ဆိုင်ရာမဲဆန္ဒနယ်အလိုက် ဒေသဖွံ့ဖြိုးရေးနှင့် ပြည်သူများ၏ လိုအပ်ချက်များအား မေးခွန်းများမေးမြန်းခြင်း၊ အဆိုများတင်သွင်းခြင်းဖြင့် ပြည်သူများ၏ ဆန္ဒအား ဖြည့်ဆည်းပေးနိုင်ရေး လွှတ်တော်မှဆောင်ရွက်နေသည့် ကိစ္စရပ်များ၊ မြန်မာနိုင်ငံနှင့် ဘယ်လာရုစ်သမ္မတနိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုခိုင်မာစွာဖြင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် ကိစ္စရပ်များ၊ အာဆီယံပါလီမန်များညီလာခံ (AIPA)၊ နိုင်ငံတကာပါလီမန်များအဖွဲ့ (IPU)များနှင့် ပူးပေါင်းဆောင်ရွက်သွားမည့်ကိစ္စရပ်များကို ဆွေးနွေးပြောကြားသည်။

Belaya Rus ပါတီ ဥက္ကဋ္ဌ Ms. Olga Chemodanova က ဘယ်လာရုစ်သမ္မတနိုင်ငံသည် မြန်မာနိုင်ငံအတွက် ယုံကြည်အားထားရသည့် မိတ်ဆွေနိုင်ငံဖြစ်ပါကြောင်း၊ မိမိတို့နှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးမှု တိုးမြှင့်နိုင်ရေးအတွက် မိမိတို့ပါတီပိုင်းအနေဖြင့် ကူညီဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြန်လည်ဆွေးနွေးပြီး ဧည့်သည်တော်မှတ်တမ်းစာအုပ်တွင် လက်မှတ်ရေးထိုးသည်။

တွေ့ဆုံပွဲသို့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့်အတူ ပြည်သူ့လွှတ်တော် နိုင်ငံတကာ ဆက်ဆံရေးကော်မတီဥက္ကဋ္ဌ ဒေါက်တာပွင့်ဆန်း၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီမှ ပြောရေးဆိုခွင့်ရှိသူဦးလှသိန်းနှင့် ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။ သတင်းစဉ်

❒ ရှေ့ဖုံးမှ

ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ရေးတို့နှင့်စပ်လျဉ်း၍ ရင်းနှီးစွာ အမြင်ချင်းဖလှယ် ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌနှင့်အတူ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ Jeng Phang နော်တောင်၊ နိုင်ငံတကာ ဆက်ဆံရေးကော်မတီဥက္ကဋ္ဌ၊ အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီဥက္ကဋ္ဌ၊ မြန်မာ-ဘယ်လာရုစ် လွှတ်တော်ချင်း ချစ်ကြည်ရင်းနှီးရေးအသင်းဥက္ကဋ္ဌနှင့် အတွင်းရေးမှူး၊ အမျိုးသားလွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သိရသည်။

သတင်းစဉ်

## တိုင်းရင်းသားရေးရာကိစ္စရပ်များ ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်ရန်အတွက် ခရိုင်ရုံးခွဲများ ဖွင့်လှစ်ဆောင်ရွက်သွားမည်

ကျိုင်းတုံ ဩဂုတ် ၁၄

တိုင်းရင်းသားရေးရာကိစ္စရပ်များ ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်ရန်အတွက် တိုင်းရင်းသားလူမျိုးများရေးရာ ဝန်ကြီးဌာနအနေဖြင့် ခရိုင်ရုံးခွဲများ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း (သို့မဟုတ်) ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသရုံးများ တိုးချဲ့ဖွင့်လှစ်ရန် နိုင်ငံတော်က "မူ"အားဖြင့် ခွင့်ပြုပြီးဖြစ်သဖြင့် ခရိုင်ရုံးခွဲများ ဖွင့်လှစ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းမောင်က ယနေ့မွန်းလွဲပိုင်းက ရှမ်းပြည်နယ်အရှေ့ပိုင်း ကျိုင်းတုံခရိုင် ကျိုင်းတုံမြို့ စည်ပင်သာယာရေးရုံး အစည်းအဝေးခန်းမ၌ ရှမ်းပြည်နယ်အရှေ့ပိုင်းရှိ တိုင်းရင်းသားစာပေနှင့်ယဉ်ကျေးမှု အသင်းအဖွဲ့များနှင့် တွေ့ဆုံစဉ် ပြောကြားသည်။

ထို့ပြင် တိုင်းရင်းသားရိုးရာ ဝတ်စားဆင်ယင်မှုများကို ရှိရင်းစွဲမူလလက်ရာကို မထိခိုက်စေရန် အထူးသတိပြုကြရန်၊ စည်းမျဉ်းများသတ်မှတ်ထားကြရန်၊ လူနည်းစု တိုင်းရင်းသားများ၏ လူမှုဘဝ၊ ရိုးရာဝတ်စားဆင်ယင်မှုနှင့် ဓလေ့ထုံးတမ်းများနှင့် ပတ်သက်၍ သတင်း အချက်အလက်များ တိကျမှန်ကန်စွာ ပြုစုထိန်းသိမ်းထားကြရန် မှာကြားခဲ့သည်။

ထိုသို့တွေ့ဆုံစဉ် ဂုံရှမ်း၊ ရှမ်းကြီး၊ တိုင်းနေ၊ တိုင်းလီ၊ လွယ်၊ ပလောင်၊ 'ဝ'၊ လီဆူ၊ အားခေါ၊ အာခါ၊ အဲန်၊ ဗမာနှင့် လားဟူ တိုင်းရင်းသားစာပေနှင့်ယဉ်ကျေးမှုအသင်းအဖွဲ့ ၁၄ ဖွဲ့မှ ကိုယ်စားလှယ်များက တိုင်းရင်းသားလူငယ်များအတွက် အသက်မွေးဝမ်းကျောင်းသင်တန်း ဖွင့်လှစ်ပေးနိုင်ရေး၊ တိုင်းရင်းသားဒေသများတွင် ရိုးရာပွဲတော်များကျင်းပရာ၌ ထောက်ပံ့ငွေများ ကူညီပံ့ပိုးပေးနိုင်ရေး၊ ဒေသခံတိုင်းရင်းသား လူငယ်များ အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်ရေး၊ တိုင်းရင်းသား အချင်းချင်း စည်းလုံးညီညွတ်မှု ပိုမိုရရှိစေရန်အတွက် ယဉ်ကျေးမှုဖလှယ်နိုင်မည့်အစီအစဉ်များ စီစဉ်ပေးရေး၊ အသင်းအဖွဲ့ မှတ်ပုံတင်ခြင်းနှင့် စပ်လျဉ်းသည့် တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအသင်းအဖွဲ့တို့၏ အခက်အခဲများကို ဖြေရှင်းပေးရေး၊ နိုင်ငံသားစိစစ်ရေးကတ်တွင် တိုင်းရင်းသားလူမျိုးအမည်များယွင်း ဖော်ပြထားမှုများကို ပြင်ဆင်ပေးနိုင်ရေး၊ ဝေးလံခေါင်သီသည့် ကျေးရွာများတွင် လမ်း၊ တံတားများ ဖောက်လုပ်ပေးရေးနှင့် ပြင်ဆင်ပေးရေးတို့နှင့်စပ်လျဉ်း၍ တင်ပြမှုများအပေါ် ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းပေးသည်။

အဆိုပါ တွေ့ဆုံပွဲတွင် တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုဆိုင်ရာကိစ္စရပ်များ ပိုမိုထိန်းသိမ်းမြှင့်တင် ဆောင်ရွက်နိုင်ရန်အတွက် ရှမ်းပြည်နယ်(အရှေ့ပိုင်း)ရှိ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအသင်းအဖွဲ့များအား ထောက်ပံ့ငွေများ ပေးအပ်ခဲ့ကြောင်း သိရသည်။



သတင်းစဉ်

## ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့က ဧရာဝတီတိုင်းဒေသကြီး ရေဘေးကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများဆောင်ရွက်နိုင်ရေး အလှူငွေပေးအပ်လှူဒါန်း

ရန်ကုန် ဩဂုတ် ၁၄

ဧရာဝတီတိုင်းဒေသကြီး ရေဘေးကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရေးအတွက် ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးအဖွဲ့မှ အလှူငွေပေးအပ်လှူဒါန်းပွဲကို ယမန်နေ့မွန်းလွဲပိုင်းက ပုသိမ်မြို့ အားကစားရေးရာဝန်ကြီးဌာန အားကစားနှင့် ကာယပညာဦးစီးဌာန အားကစားပြိုင်ပွဲရုံ (၂) ၌ ကျင်းပသည်။



ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးအဖွဲ့ (ဗဟို) ဥက္ကဋ္ဌ ဦးဝဏ္ဏ ဦးဆောင်သောအဖွဲ့သည် ဧရာဝတီတိုင်းဒေသကြီး ရေဘေး ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများ ဆောင်ရွက်နိုင်ရေးအတွက် အလှူငွေ ကျပ်သိန်းတစ်ရာအား ပေးအပ်လှူဒါန်းရာ ဧရာဝတီတိုင်းဒေသကြီး ရခိုင်တိုင်းရင်းသားရေးရာဝန်ကြီး ဦးစိုးညွန့်နှင့်တာဝန်ရှိသူများက လက်ခံရယူခဲ့ကြောင်း သိရသည်။

သတင်းစဉ်

သန့်ရှင်းစိမ်းလန်းသော အနာဂတ်ဖြစ်စေဖို့
စွန့်ပစ်ပစ္စည်းများကို ပြန်လည်ပြုပြင်သုံးစွဲစို့။

※ ရှေ့ဖုံးမှ

ရုံးချုပ်သို့ လျှောက်ထားနိုင်မည်ဖြစ်ကြောင်း မြန်မာ့အသံနှင့်ရုပ်မြင်သံကြားနှင့် နိုင်ငံပိုင်သတင်းစာများတွင် ကြေညာခဲ့ပြီးဖြစ်ပါသည်။

၂။ Digital Smart မီတာအသစ်များကို Website မှတစ်ဆင့်လျှောက်ထားရာ၌ ဌာနမှ သတ်မှတ်ချက်ဖြင့် ကိုက်ညီသော လျှောက်ထားမှုများအတွက် သတ်မှတ်ကြေးပေးသွင်းရာတွင် ကြိုးကြပ်ခ၊ မီးသွယ်ခ၊ မီးဆက်ခအပါအဝင် ပေးသွင်းရမည့်နှုန်းထားသည် ယခင်အတိုင်း ပြောင်းလဲခြင်းမရှိဘဲ အောက်ပါအတိုင်း ပေးသွင်းရမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်-

| | | | |
|---|---|---|---|
| (က) | အိမ်သုံးမီတာ | - | ၂၅၀,၀၀၀ ကျပ် |
| (ခ) | အိမ်သုံးပါဝါမီတာ (10 kW) | - | ၁,၀၀၀,၀၀၀ ကျပ် |
| (ဂ) | အိမ်သုံးပါဝါမီတာ (20 kW) | - | ၁,၂၃၀,၀၀၀ ကျပ် |
| (ဃ) | အိမ်သုံးပါဝါမီတာ (30 kW) | - | ၁,၄၆၀,၀၀၀ ကျပ် |
| (င) | စက်မှုသုံးပါဝါမီတာ (10 kW) | - | ၁,၀၇၇,၅၀၀ ကျပ် |
| (စ) | စက်မှုသုံးပါဝါမီတာ (20 kW) | - | ၁,၃၈၂,၅၀၀ ကျပ် |
| (ဆ) | စက်မှုသုံးပါဝါမီတာ (30 kW) | - | ၁,၆၈၇,၅၀၀ ကျပ် |

၃။ သိရှိလိုသည်များမေးမြန်းလိုပါက အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ ဆက်သွယ်စုံစမ်းနိုင်ပါကြောင်း ဖော်ပြအပ်ပါသည်-

| | | | |
|---|---|---|---|
| (က) | လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန (ရုံးချုပ်) | - | ၀၆၇-၃၄၁၀၄၆၀ |
| (ခ) | ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း (YESC) | - | ၁၇၁၇ |
| (ဂ) | မန္တလေးလျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း (MESC) | - | ၁၆၁၆ |
| | ၀၂-၄၀၃၉၃၃၀၊ ၀၂-၄၀၇၃၆၆၆၊ ၀၂-၄၀၇၂၆၁၈ (Hot Line) | | |
| (ဃ) | ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်များ | - | ၀၆၇-၃၄၁၀၄၀၇ |
| | ၀၉-၆၈၂၂၃၂၆၀၀၊ ၀၉-၆၆၅၄၃၂၅၇၅ | | |

လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန

# မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ (၅/၂၀၂၆) ကြိမ်မြောက် အစည်းအဝေးက အလုပ်အကိုင် အခွင့်အလမ်းပေါင်း ၃,၃၀၀ ကျော်ကို ဖန်တီးပေးနိုင်မည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းအသစ် ၁၄ ခုကို ခွင့်ပြု

နေပြည်တော် ဩဂုတ် ၁၄

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ (၅/၂၀၂၆) ကြိမ်မြောက်အစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ရုံးအမှတ်(၅) အစည်းအဝေးခန်းမ၌ ကျင်းပပြီး အလုပ်အကိုင်အခွင့်အလမ်းပေါင်း ၃၃၀၀ ကျော်ကို ဖန်တီးပေးနိုင်မည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း အသစ် ၁၄ ခုကို ခွင့်ပြုခဲ့သည်။



အစည်းအဝေးတွင် လက်ရှိဆောင်ရွက်ဆဲ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ၏ မတည်ငွေရင်းတိုးမြှင့်ခြင်းအပါအဝင် စက်မှုကဏ္ဍမှ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုလုပ်ငန်းအသစ်နှစ်ခုကိုလည်းကောင်း၊ စက်မှုကဏ္ဍမှ မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း အသစ်ခြောက်ခုကိုလည်းကောင်း၊ ဝန်ဆောင်မှုကဏ္ဍမှ မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းအသစ်နှစ်ခုကိုလည်းကောင်း၊ လျှပ်စစ်ဓာတ်အားကဏ္ဍမှ မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းအသစ်သုံးခုကိုလည်းကောင်း၊ အိမ်ရာအဆောက်အအုံတည်ဆောက်ဖွံ့ဖြိုးမှုကဏ္ဍမှ မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းအသစ်တစ်ခုကို လည်းကောင်း ခွင့်ပြုပေးခဲ့သည်။

အဆိုပါလုပ်ငန်းများ၏ ရင်းနှီးမြှုပ်နှံမှုပမာဏမှာ အမေရိကန်ဒေါ်လာ ၁၄၀ ဒသမ ၄၇၄ သန်းနှင့် ကျပ် ၁,၁၇၈,၇၃၁ ဒသမ ၉၂၅ သန်းဖြစ်ပြီး အလုပ်အကိုင် အခွင့်အလမ်းပေါင်း ၃၃၃၆ ကို ဖန်တီးပေးနိုင်မည်ဖြစ်သည်။

ယနေ့အစည်းအဝေးက ခွင့်ပြုပေးသည့်လုပ်ငန်းများမှာ စက်သုံးဆီအရောင်းဆိုင်လုပ်ငန်း၊ တန်ဖိုးနည်းအိမ်ရာ အကောင်အထည်ဖော်တည်ဆောက်ရောင်းချငှားရမ်းခြင်းလုပ်ငန်း၊ နေရောင်ခြည်စွမ်းအင်သုံး ဓာတ်အားပေးစက်ရုံတည်ဆောက်၍ လျှပ်စစ်ဓာတ်အားထုတ်လုပ်ရောင်းချခြင်းလုပ်ငန်း၊ SKD စနစ်ဖြင့် ကုန်တင်မော်တော်ယာဉ်တပ်ဆင်ထုတ်လုပ်ရောင်းချခြင်းလုပ်ငန်း၊ SKD စနစ်ဖြင့် လျှပ်စစ်သုံးနှစ်ဘီး၊ သုံးဘီးမော်တော်ဆိုင်ကယ်များ တပ်ဆင်ထုတ်လုပ်ဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်း၊ မော်တော်ယာဉ်အမျိုးမျိုး တပ်ဆင်ထုတ်လုပ်ဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်း၊ စိုက်ပျိုးရေးလုပ်ငန်းသုံး ထော်လာဂျီယာဉ်အမျိုးမျိုး တပ်ဆင်ထုတ်လုပ်ရောင်းချခြင်းလုပ်ငန်း၊ ကျန်းမာရေးဝန်ဆောင်မှုလုပ်ငန်း၊ လူသုံးကုန်လျှပ်စစ်ပစ္စည်းအမျိုးမျိုး ထုတ်လုပ်ရောင်းချခြင်းလုပ်ငန်း၊ CMP စနစ်ဖြင့် ပလတ်စတစ်ပြားနှင့် ပလတ်စတစ်ဘူးခွံအမျိုးမျိုး ထုတ်လုပ်ခြင်းလုပ်ငန်း၊ ဖိနပ်အမျိုးမျိုးထုတ်လုပ်ခြင်း လုပ်ငန်းနှင့် စားသောက်ကုန်ထုတ်လုပ်ခြင်း လုပ်ငန်းတို့ပါဝင်သည်။

၂၀၂၆ ခုနှစ် ဇူလိုင်လကုန်အထိ မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံထားသည့်နိုင်ငံ၊ ဒေသပေါင်း ၄၈ ခု အနက် ရင်းနှီးမြှုပ်နှံမှု အများဆုံးပြုလုပ်သော နိုင်ငံ၊ ဒေသများမှာ စင်ကာပူနိုင်ငံ၊ တရုတ်နိုင်ငံနှင့် ဟောင်ကောင် (ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ) တို့ဖြစ်ပြီး စီးပွားရေးကဏ္ဍ ၁၂ ခုအနက် အများဆုံး ရင်းနှီးမြှုပ်နှံထားသည့်ကဏ္ဍများမှာ လျှပ်စစ်ဓာတ်အားကဏ္ဍတွင် စုစုပေါင်းရင်းနှီးမြှုပ်နှံမှု၏ ၂၈ ဒသမ ၀၆ ရာခိုင်နှုန်းဖြင့်လည်းကောင်း၊ ရေနံနှင့် သဘာဝဓာတ်ငွေ့ကဏ္ဍတွင် စုစုပေါင်းရင်းနှီးမြှုပ်နှံမှု၏ ၂၀ ဒသမ ၄၁ ရာခိုင်နှုန်းဖြင့်လည်းကောင်း၊ စက်မှုကဏ္ဍတွင် စုစုပေါင်းရင်းနှီးမြှုပ်နှံမှု၏ ၁၅ ဒသမ ၄၇ ရာခိုင်နှုန်းဖြင့်လည်းကောင်း အသီးသီးရင်းနှီးမြှုပ်နှံထားသည်။

မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်သည် ပြည်တွင်းပြည်ပရင်းနှီးမြှုပ်နှံသူများက တင်ပြလာသည့် ရင်းနှီးမြှုပ်နှံမှုအဆိုပြုချက်များအား စိစစ်ခွင့်ပြုခြင်းကိုလည်းကောင်း၊ လက်ရှိဆောင်ရွက်ဆဲ ရင်းနှီးမြှုပ်နှံသူများအတွက် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ဝန်ဆောင်မှုများကိုလည်းကောင်း မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ဥပဒေနှင့်အညီ ပံ့ပိုးကူညီဆောင်ရွက်ပေးလျက်ရှိကြောင်းနှင့် အဆိုပါအစည်းအဝေးသို့ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်ဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးမြထွန်းဦးနှင့် ကော်မရှင်အဖွဲ့ဝင်များ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

---

◌ ရှေ့ဖုံးမှ

ဖြစ်စဉ်မှန်ကို အောက်ပါအတိုင်း ရှင်းလင်း ဖော်ပြလိုပါသည်-

ရခိုင်ပြည်နယ်မြောက်ပိုင်းမှ နေရပ်စွန့်ခွာသူများနှင့်ပတ်သက်သည့် အဖြစ်မှန်မှာ ၂၀၁၆ ခုနှစ်၊ အောက်တိုဘာလ၊ နိုဝင်ဘာလနှင့် ၂၀၁၇ ခုနှစ်၊ ဩဂုတ်လတွင် အာဆာအကြမ်းဖက်အဖွဲ့က လူအင်အား၊ လက်နက်အင်အားဖြင့် ရခိုင်ပြည်နယ်မြောက်ပိုင်းရှိ လုံခြုံရေးရဲကင်းများနှင့် ရဲတပ်ရင်းများကို တစ်ပြိုင်နက်တိုက်ခိုက်မှုများ၊ ထပ်တိုးတိုက်ခိုက်မှုများပြုလုပ်ရုံသာမက အစိုးရဝန်ထမ်းများ၊ ဒေသခံတိုင်းရင်းသားများအား အကြမ်းဖက်သတ်ဖြတ်မှုများကြောင့် တပ်မတော်က အကြမ်းဖက်နှိမ်နင်းမှုစစ်ဆင်ရေးဖြင့် တုံ့ပြန်ဆောင်ရွက်ခဲ့ရပါသည်။ အာဆာအကြမ်းဖက်အဖွဲ့၏ ခြိမ်းခြောက်တိုက်ခိုက်မှုကြောင့် ဒေသခံတိုင်းရင်းသားများက အခြားမြို့ရွာများသို့ ထွက်ပြေးကြရပြီး ဘင်္ဂါလီအမြောက်အမြားက ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ အသီးသီးနေရပ်စွန့်ခွာသွားခဲ့ခြင်းဖြစ်ပါသည်။

မှတ်တမ်းများအရ အာဆာအကြမ်းဖက်တိုက်ခိုက်မှု ဖြစ်စဉ်မတိုင်မီ ဘူးသီးတောင်၊ မောင်တောနှင့် ရသေ့တောင်ရှိ ဘင်္ဂါလီလူဦးရေမှာ ၇၄၀,၀၀၀ ကျော်ရှိခဲ့ပြီး၊ ဖြစ်စဉ်ဖြစ်ပွားပြီးနောက် ဘင်္ဂါလီလူဦးရေ ၂၀၀,၀၀၀ ကျော် ကျန်ရှိနေထိုင်လျက်ရှိသဖြင့်၊ ဘင်္ဂါလီလူဦးရေ ၅၄၀,၀၀၀ ကျော် ဘင်္ဂလားဒေ့ရှ်ဘက်သို့ နေရပ်စွန့်ခွာသွားခဲ့ကြောင်း စိစစ်တွေ့ရှိရပါသည်။ ယင်းစိစစ်ချက်အရ ရခိုင်ပြည်နယ်မှ နေရပ်စွန့်ခွာသူများ (၁) သန်းကျော်ရှိသည်ဟု ပြောကြားနေမှုများမှာ မှားယွင်းကြောင်း ထင်ရှားပါသည်။

မြန်မာနိုင်ငံသည် နေရပ်စွန့်ခွာသူများအား ပြန်လည်လက်ခံရေးအတွက် ဘင်္ဂလားဒေ့ရှ်နှင့် နှစ်လအတွင်း၌ နှစ်နိုင်ငံသဘောတူစာချုပ် (၃) ခု ချုပ်ဆိုခဲ့ပြီး၊ ယင်းစာချုပ်များနှင့်အညီ လက်ခံရန် ၂၃-၁-၂၀၁၈ ရက်တွင် တစ်ကြိမ်၊ ပူးတွဲလုပ်ငန်းအဖွဲ့ သဘောတူညီချက်အရ ၁၅-၁၁-၂၀၁၈ ရက်တွင် တစ်ကြိမ်၊ တရုတ်နှင့် ဘင်္ဂလားဒေ့ရှ်၏ အကြောင်းကြားချက်အရ ၂၂-၈-၂၀၁၉ ရက်တွင် တစ်ကြိမ် စုစုပေါင်း (၃) ကြိမ် စီစဉ်စောင့်ဆိုင်းခဲ့သော်လည်း ပြန်လည်ဝင်ရောက်ခဲ့ခြင်း မရှိခဲ့ပါ။

ဘင်္ဂလားဒေ့ရှ်ဘက်မှ မြန်မာဘက်သို့ နေရပ်စွန့်ခွာသူများစာရင်းအဖြစ် လူဦးရေအမည်စာရင်း ၈၂၈,၈၂၄ ဦး ပေးပို့ခဲ့ရာ၊ ၃၁-၇-၂၀၂၆ ရက်အထိ အမည်စာရင်း ၄၂၆,၅၄၅ ဦးအား စိစစ်ခဲ့ပြီးဖြစ်ပါသည်။ စိစစ်ချက်အရ ရခိုင်ပြည်နယ်တွင် နေထိုင်ခဲ့ကြောင်း အထောက်အထား တွေ့ရှိသူ ၃၀၈,၇၉၇ ဦး၊ အကြမ်းဖက်လုပ်ရပ်များ ကျူးလွန်ခဲ့သူ ၄,၂၄၁ ဦးနှင့် ရခိုင်ပြည်နယ်အတွင်းနေထိုင်ကြောင်း အထောက်အထား မတွေ့ရှိရသူ ၁၁၃,၅၀၇ ဦး စိစစ်တွေ့ရှိရပါသည်။

သို့ဖြစ်၍ ယင်းကိန်းဂဏန်းများအရ ဘင်္ဂလားဒေ့ရှ်စခန်းများတွင် နေထိုင်သူအားလုံးအား မြန်မာနိုင်ငံမှလာရောက်သူဟု စွပ်စွဲပြောဆိုချက်များအပေါ် စိုးရိမ်မကင်းဖြစ်မိပါသည်။ အလားတူပင် လေ့စီးဒုက္ခသည်များနှင့် အခြားနိုင်ငံများသို့ မြန်မာနိုင်ငံတွင်မရှိသည့် လူမျိုးအမည်ဖြင့် ရောက်ရှိနေသူများကို မြန်မာနိုင်ငံမှဟု စွပ်စွဲဖော်ပြနေခြင်းများအား ပြတ်သားစွာ ကန့်ကွက်ပါသည်။

မြန်မာနိုင်ငံတွင် ၁၉၇၈၊ ၁၉၉၁၊ ၁၉၉၂ ခုနှစ်များက လူဝင်မှုကြီးကြပ်ရေးဆိုင်ရာ အထောက်အထားစစ်ဆေးစိစစ်သည့် လုပ်ငန်းစဉ်များကြောင့် ရခိုင်ပြည်နယ်မှ ဘင်္ဂလားဒေ့ရှ်သို့ နေရပ်စွန့်ခွာခဲ့သူ ဘင်္ဂါလီများကို မြန်မာနှင့် ဘင်္ဂလားဒေ့ရှ်အကြား နှစ်နိုင်ငံသဘောတူညီချက်များဖြင့် အောင်မြင်စွာပြန်လည်လက်ခံနိုင်ခဲ့ပါသည်။ နေရပ်စွန့်ခွာသူများကို ၁၉၇၈-၁၉၇၉ ခုနှစ်များအတွင်း ၁၈၆,၉၆၈ ဦး၊ ၁၉၉၂-၂၀၀၅ ခုနှစ်များအတွင်း ၂၃၆,၄၉၅ ဦး ပြန်လည်လက်ခံခဲ့ပါသည်။

မြန်မာနိုင်ငံအနေဖြင့် ရခိုင်ပြည်နယ်တွင် အမှန်တကယ်နေထိုင်ခဲ့သူများကို ပြန်လည်လက်ခံနိုင်ရန် စိတ်ဆန္ဒမှန်ဖြင့် ကြိုးပမ်းခဲ့ရာ၊ ရှေ့ပြေးစမ်းသပ်စီမံကိန်း (Pilot Project) ဖြင့် လက်ခံနိုင်ရေး ရခိုင်ပြည်နယ်သို့ ဖိတ်ကြားရှင်းလင်းသည့် Come-and-See ခရီးစဉ်၊ ဘင်္ဂလားဒေ့ရှ်သို့ သွားရောက်သည့် Go-and-Talk ခရီးစဉ် (၂) ကြိမ်၊ မြန်မာကိုယ်စားလှယ်အဖွဲ့ ဘင်္ဂလားဒေ့ရှ်သို့သွားရောက်သည့် မျက်မြင်စစ်ဆေးခြင်းခရီးစဉ် (၂) ကြိမ်၊ Pilot Project အတွက် ပြင်ဆင်ထားမှုကို သံတမန်များအား ပြသသည့် ခရီးစဉ် (၂) ကြိမ် ဆောင်ရွက်ခဲ့ပါသည်။

မြန်မာအစိုးရမှ စိစစ်ပြီးသည့် နေရပ်စွန့်ခွာသူများကို ၎င်းတို့၏ ဆန္ဒအလျောက်၊ လုံခြုံ၊ ဂုဏ်သိက္ခာရှိစွာ ပြန်လာနိုင်ရေးအတွက် ဘင်္ဂလားဒေ့ရှ်နှင့် နှစ်နိုင်ငံအကြား အိမ်နီးချင်းကောင်းစိတ်ဓာတ်အပေါ်အခြေခံ၍ ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ပါသည်။ နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံရေးကိစ္စသည် နှစ်နိုင်ငံအကြား ဖြေရှင်းရမည့်ကိစ္စဖြစ်ပြီး၊ နိုင်ငံတကာပြဿနာအဖြစ် လွဲမှားစွာ ပုံဖော်နေမှုအပေါ် စိတ်မသက်မသာ ဖြစ်ရပါသည်။ နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံရေးနှင့်ပတ်သက်၍ မြန်မာနိုင်ငံအနေဖြင့် မိတ်ဆွေနိုင်ငံများနှင့်လည်း အပြုသဘောပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ပါသည်။

ရခိုင်ပြည်နယ်၌ နေထိုင်ခဲ့ဖူးကြောင်း စိစစ်ပြီးသည့် ဘင်္ဂလားဒေ့ရှ်နိုင်ငံရှိ နေရပ်စွန့်ခွာသူများကို ရခိုင်ပြည်နယ်၏ လုံခြုံရေးအခြေအနေ တိုးတက်ကောင်းမွန်လာပါက မြန်မာနိုင်ငံအနေဖြင့် ညှိနှိုင်းကာ ပြန်လည်လက်ခံသွားမည်ဖြစ်ပါသည်။

နိုင်ငံခြားရေးဝန်ကြီးဌာန
နေပြည်တော်
၂၀၂၆ ခုနှစ်၊ ဩဂုတ်လ ၁၅ ရက်

---

## နေပြည်တော်တွင် နေထိုင်သောဝန်ထမ်းနှင့် အများပြည်သူများ သွားလာမှုအဆင်ပြေစေရေး EV ယာဉ်လိုင်းမှတ်တိုင်နေရာများ တိုးချဲ့




**နေပြည်တော် ဩဂုတ် ၁၄**

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်တွင် နေထိုင်လျက်ရှိသည့် ဝန်ထမ်းများနှင့် အများပြည်သူများ သွားလာမှုအဆင်ပြေစေရေးအတွက် ရာဇာမင်း EV ဘက်စ်ယာဉ်လိုင်းမှ ခရီးသည်များ စီးနင်းနိုင်ရန် မှတ်တိုင်နေရာများတိုးချဲ့၍ ခရီးသည်အတင်အချဆောင်ရွက်ပေးလျက်ရှိသည်။

နေပြည်တော်ရာဇာမင်း EV ယာဉ်လိုင်းသည် ဇမ္ဗူသီရိမြို့နယ်၊ မြို့မဈေးရှေ့တွင် ဂိတ်ထိုးပြီး ပျဉ်းမနား-တောင်ညိုလမ်းအတိုင်းထွက်ခွာကာ နေပြည်တော် ခုတင် ၁၀၀၀ ဆေးရုံအပေါက်၊ သပြေကုန်းဈေး၊ မိုးသီရိရှော့ပင်းမော၊ စည်ပင်ဧည့်ရိပ်သာ၊ ဇမ္ဗူသီရိဆေးရုံ၊ နေပြည်တော်ကောင်စီရုံး၊ ဆင်ရတနာ-ရွှေညောင်ပင်ဂိတ်၊ ပျဉ်းမနားရွာကောက်ကွေ့၊ ပေါင်းလောင်း(၄)လမ်း၊ နှင်းဆီပန်းအဝိုင်း၊ ဘောဂသီရိအဝေးပြေးယာဉ်ရပ်နားစခန်းအထိ မှတ်တိုင်နေရာများတိုးချဲ့၍ ပုံသေယာဉ်စီးခငွေကျပ် ၁၀၀၀ ဖြင့် နေ့စဉ်ပြေးဆွဲပေးလျက်ရှိကြောင်း သိရသည်။

(ယာပုံ)
(၀၄၅)

# ကျောင်းစာကြည့်တိုက်များတွင် အတန်းအဆင့်အလိုက် ကျောင်းသားများ ဖတ်ရှုလေ့လာနိုင်သည့် စာပေများထားရှိရန် ပြည်ထောင်စုဝန်ကြီး ဒေါက်တာချောချောစိန် မှာကြား



နေပြည်တော် ဩဂုတ် ၁၄

ကျောင်းစာကြည့်တိုက်များတွင် အတန်းအဆင့်အလိုက် ကျောင်းသားများ ဖတ်ရှုလေ့လာနိုင်သည့် စာပေများ ထားရှိရန်နှင့် စာကြည့်တိုက်ချိန်တွင် ဗဟုသုတတိုးပွားစေမည့် စာပေများကို အမှန်တကယ် ဖတ်ရှုနိုင်အောင် စီစဉ်ဆောင်ရွက်ပေးကြရန်၊ စာကြည့်တိုက်ဆောင်ရွက်ရန် အခက်အခဲရှိသော ကျောင်းများ၏ စာကြည့်တိုက်အချိန်တွင် အတန်းပိုင်ဆရာများက မြန်မာ့သမိုင်းနှင့် မြန်မာတို့၏ အထင်ကရခေါင်းဆောင်ကြီးများအကြောင်း၊ မြန်မာ့ပထဝီဝင်အကြောင်းတို့ကို ဗဟုသုတရအောင်မျှဝေပေးရန် ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ချောချောစိန်က ပြောကြားသည်။

ယနေ့နံနက်ပိုင်းက အမှတ်(၆)အခြေခံပညာ အထက်တန်းကျောင်း သီရိမင်္ဂလာခန်းမ၌ နေပြည်တော်ကောင်စီနယ်မြေ ခရိုင်၊ မြို့နယ် ပညာရေးမှူးများ၊ ကျောင်းအုပ်ကြီးများနှင့် တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက ယင်းသို့ ထည့်သွင်းပြောကြားခဲ့ခြင်း ဖြစ်သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက ကျောင်းစာကြည့်တိုက်တိုင်းတွင် မြန်မာ့မြေပုံနှင့် ကမ္ဘာ့မြေပုံများထားရှိရေး၊ ကျောင်းများ၏ ကာယချိန်တွင် အားကစားနှင့်ကျန်းမာရေးကို အထောက်အပံ့ဖြစ်စေမည့် သင်ကြားသင်ယူမှုကို အလေးထားဆောင်ရွက်ရေး၊ ကျောင်းများတွင် ဆေးလိပ်အန္တရာယ်ကင်းစင်ရေး၊ ကျောင်းကျန်းမာရေးဆိုင်ရာ ဟောပြောပွဲကို စိတ်ဝင်စားဖွယ်ဟောပြောတတ်သူများအား ဖိတ်ခေါ်ဆောင်ရွက်ရေး၊ ကျောင်းကျန်းမာရေး အာဟာရအတွက် အသိပညာပေးရေး၊ ဘဝတစ်သက်တာ သင်ကြားမှု Life skill ကို ခေတ်နှင့်အညီ update ပြုပြင်သင်ကြားရေး၊ ကျန်းမာရေးဝန်ကြီးဌာနနှင့် ပညာရေးဝန်ကြီးဌာနတို့ ပူးပေါင်း၍ ကျောင်းသား ကျောင်းသူများ၏ ကျန်းမာရေးနှင့်ပတ်သက်သော ကတ်ပြား Digitalization ပြုလုပ်ပေးနိုင်ရေးနှင့် Smart School ခြောက်ကျောင်းရွေးချယ်ထားပြီး ဒီဂျစ်တယ်အင်္ဂလိပ်စာ သင်ကြားရေးနှင့် AI အသုံးပြုနည်း သင်ကြားရေးအစီအစဉ်များ ရေးဆွဲဆောင်ရွက်ရေး၊ Grade-12 အောင်ချက်မြင့်မားရေး၊ ကျောင်းအုပ်ကြီးများ၊ ဆရာ ဆရာမများအနေဖြင့် ကျင့်ဝတ်၊ စည်းကမ်းများနှင့်အညီ လိုက်နာဆောင်ရွက်ရေး၊ ကျောင်းသား ကျောင်းသူများကို ဆိုဆုံးမရာတွင် မေတ္တာတရားဖြင့် ဆုံးမလမ်းညွှန်မှု ပေးနိုင်ရေး မှာကြားသည်။

ထို့ပြင် တက်ရောက်လာသူများက တွေ့ကြုံရသည့် အခက်အခဲများနှင့် သိရှိလိုသည်များကို မေးမြန်းတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးနှင့် ဒုတိယဝန်ကြီးတို့က ရှင်းလင်းဖြေကြား၍ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်




# မြန်မာနိုင်ငံဆေးဝါးနှင့် ဆေးပစ္စည်းထုတ်လုပ်သူများအသင်းက ရေဘေးသင့်ဒေသများရှိ ပြည်သူများအတွက် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ရာတွင် အသုံးပြုရန် ဆေးနှင့်ဆေးပစ္စည်းများ လှူဒါန်း

နေပြည်တော် ဩဂုတ် ၁၄

မြန်မာနိုင်ငံ ဆေးဝါးနှင့်ဆေးပစ္စည်းထုတ်လုပ်သူများ အသင်းက ရေဘေးသင့်ဒေသများရှိ ပြည်သူများအတွက် ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ရာတွင် အသုံးပြုရန် ဆေးနှင့်ဆေးပစ္စည်းများ၊ ရေဘေးသင့် ကျန်းမာရေးဝန်ထမ်းများအတွက် အလှူငွေများကို ကျန်းမာရေးဝန်ကြီးဌာနသို့ ယနေ့ လာရောက်လှူဒါန်းသည်။

မြန်မာနိုင်ငံ ဆေးဝါးနှင့်ဆေးပစ္စည်းထုတ်လုပ်သူများ အသင်းဥက္ကဋ္ဌနှင့် ကုမ္ပဏီများမှ တာဝန်ရှိသူများက ယနေ့မွန်းလွဲပိုင်းက ကျန်းမာရေးဝန်ကြီးဌာန ရုံးအမှတ်(၄) အစည်းအဝေးခန်းမ၌ လာရောက်လှူဒါန်းကြရာ ကျန်းမာရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်းက လှူဒါန်းမှုအတွက် ကျေးဇူးတင်စကားပြောကြားပြီး မြန်မာနိုင်ငံ ဆေးဝါးနှင့်ဆေးပစ္စည်း ထုတ်လုပ်သူများအသင်း ဥက္ကဋ္ဌက ဆေးနှင့်ဆေးပစ္စည်းများ၊ အလှူငွေများ လှူဒါန်းရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

အဆိုပါ လှူဒါန်းပွဲတွင် ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့် ညွှန်ကြားရေးမှူးချုပ်များထံ အလှူရှင်ကုမ္ပဏီများမှ တာဝန်ရှိသူများက ဆေးနှင့်ဆေးပစ္စည်းများ၊ အလှူငွေများကို ပေးအပ်၍ ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ခဲ့သည်။

ယနေ့ လာရောက်လှူဒါန်းမှုသည် ငွေကျပ်သိန်း ၃၇၀၀ ကျော်တန်ဖိုးရှိ ဆေးနှင့်ဆေးပစ္စည်းများနှင့် အလှူငွေကျပ်သိန်း ၇၁၀ ကို လှူဒါန်းခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# စစ်ကိုင်းမြို့ပေါ်ရပ်ကွက် ကိုးခုရှိ ရေဘေးသင့်အိမ်ထောင်စု ၄၁၂စု၊ လူဦးရေ ၁၅၆၉ ဦးအတွက် ငွေကျပ်သိန်း ၃၀၀ တန်ဖိုးရှိ ဆန်ရိက္ခာဖိုး၊ ကြက်ဥ၊ ငါးသေတ္တာဘူးများနှင့် ထိခိုက်လွယ်အုပ်စုများအတွက် ထောက်ပံ့ငွေကျပ် ၁၁၄ သိန်းကျော် ထောက်ပံ့ပေးအပ်

စစ်ကိုင်း ဩဂုတ် ၁၄

စစ်ကိုင်းမြို့ပေါ်ရပ်ကွက် ကိုးခုရှိ ရေဘေးသင့်အိမ်ထောင်စု ၄၁၂စု၊ လူဦးရေ ၁၅၆၉ ဦးအတွက် ငွေကျပ်သိန်း ၃၀၀ တန်ဖိုးရှိ ဆန်ရိက္ခာဖိုး၊ ကြက်ဥ၊ ငါးသေတ္တာဘူးများနှင့် ထိခိုက်လွယ်အုပ်စုများ အတွက် ထောက်ပံ့ငွေကျပ် ၁၁၄ သိန်းကျော် ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းသည် စစ်ကိုင်းတိုင်းဒေသကြီး လူမှုရေးရာဝန်ကြီးနှင့်အတူ ယနေ့နံနက်ပိုင်းတွင် စစ်ကိုင်းမြို့နယ် ထုံးဘိုရပ်ကွက်ရေဘေးရှောင်စခန်းရှိ ထုံးဘိုရပ်ကွက်နှင့် တကောင်းရပ်ကွက်တို့မှ ရေဘေးသင့် အိမ်ထောင်စု ၅၀မှ လူဦးရေ၂၀၄ဦး၊ သောတာပန်ရပ်ကွက် လေးကျွန်းမာရ်အောင်ဘုရားဝင်းအတွင်းရှိသော တာပန်ရပ်ကွက်နှင့် စိန်ကုန်းရပ်ကွက်အတွင်းရှိ ရေဘေးသင့်အိမ်ထောင်စု ၃၆ စု၊ လူဦးရေ ၁၅၀၊ ဓမြဝတီရပ်ကွက် ရှစ်မျက်နှာဘုရားဝင်းအတွင်းရှိ ရေဘေးသင့်အိမ်ထောင်စု ၁၇၅ စု၊ လူဦးရေ ၆၅၀ တို့အတွက် ဆန်ရိက္ခာဖိုး၊ ကြက်ဥ၊ ငါးသေတ္တာဘူးများ၊ ရေဘေးသင့်ပြည်သူများအနက်မှ ကိုယ်ဝန်ဆောင်မိခင်များ၊ ငါးနှစ်အောက်ကလေးများ၊ အသက် ၇၀ နှင့်အထက် သက်ကြီးပုဂ္ဂိုလ်များ၊ မသန်စွမ်းသူများ အတွက် တစ်ဦးလျှင်ငွေကျပ် ၃၀၀၀၀ နှုန်းစီ ထောက်ပံ့ပေးအပ်ခဲ့သည်။

ထို့နောက် စစ်ကိုင်းမြို့ မျက်မမြင်ကျောင်းရှိ အမြင်အာရုံချို့တဲ့သူများနှင့်ကလေးငယ်များ အတန်းပညာနှင့် အသက်မွေးဝမ်းကျောင်းပညာ သင်ကြားပေးနေမှု၊ သင်တန်းသားအိပ်ဆောင်၊ စာသင်ဆောင်၊ အသက်မွေးဝမ်းကျောင်း သင်တန်းဆောင်များကို လှည့်လည်ကြည့်ရှုပြီး စစ်ကိုင်းမြို့ အသခ်ရာရိပ်သာ၌ စစ်ကိုင်းတိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီး တို့တွင် တာဝန်ထမ်းဆောင်နေသော ဝန်ထမ်းများနှင့် တွေ့ဆုံကာ လိုအပ်သည်များမှာကြား၍ တင်ပြချက်များအပေါ် ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်



# အထက(ခွဲ)-၃ ၌ ဖြောင့်မတ်တည်ကြည်မှုမြှင့်တင်ရေး ပညာပေးဟောပြောပွဲ ကျင်းပ

မန္တလေး ဩဂုတ် ၁၄

အခြေခံပညာကျောင်းသား၊ ကျောင်းသူများ အဂတိလိုက်စားမှု တိုက်ဖျက်ရေးဆိုင်ရာ အသိပညာဗဟုသုတများ တိုးပွားရရှိစေရန်နှင့် ဖြောင့်မတ်တည်ကြည်မှု တန်ဖိုးများကို နားလည်သဘောပေါက်စေရန် ရည်ရွယ်၍ ဖြောင့်မတ်တည်ကြည်မှုမြှင့်တင်ရေး ပညာပေးဟောပြောပွဲကို အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင် (မန္တလေးရုံးခွဲ)က ယနေ့တွင် မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်ရှိ အမှတ်(၃)အခြေခံပညာ အထက်တန်းကျောင်းခွဲ စုဝေးခန်းမ၌ ကျင်းပခဲ့သည်။

အခမ်းအနားသို့ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင် (မန္တလေးရုံးခွဲ)မှ ညွှန်ကြားရေးမှူး ဦးအောင်ထူးမြင့်၊ အထက(ခွဲ)-၃ ကျောင်းအုပ်ဆရာမကြီး ဒေါ်လှိုင်လှိုင်မြင့်၊ ဆရာ၊ ဆရာမများနှင့် မူလတန်းအဆင့် ကျောင်းသား၊ ကျောင်းသူ ၂၃၁ ဦး၊ အလယ်တန်းအဆင့် ကျောင်းသား၊ ကျောင်းသူ ၁၂၀ ဦး တက်ရောက်ခဲ့ကြသည်။

ဟောပြောပွဲတွင် ဖြောင့်မတ်တည်ကြည်မှုမြှင့်တင်ရေးပညာပေးအစီအစဉ်(ဆရာကိုင်)စာအုပ်ပါ သင်ခန်းစာများကို အခြေခံ၍ အဂတိလိုက်စားမှု၏ ဆိုးကျိုးများ၊ အများအကျိုးနှင့် ကိုယ်ကျိုးအကြား မှန်ကန်စွာ ခွဲခြားတွေးခေါ်နိုင်ရေး၊ ဖြောင့်မတ်တည်ကြည်မှု တန်ဖိုးများနှင့် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးဆိုင်ရာ အသိပညာများကို ဆွေးနွေးဟောပြောပေးခဲ့သည်။

အဆိုပါ ပညာပေးဟောပြောပွဲမှ တစ်ဆင့် ကျောင်းသား၊ ကျောင်းသူများအနေဖြင့် ငယ်စဉ်ကတည်းက ဖြောင့်မတ်တည်ကြည်မှု၊ ရိုးသားမှုနှင့် တာဝန်ယူမှုတန်ဖိုးများကို သိရှိနားလည်ကာ နေ့စဉ်ဘဝတွင် လက်တွေ့ကျင့်သုံးနိုင်ရေးအတွက် အသိပညာများ ရရှိခဲ့ကြကြောင်း သိရသည်။

(အောက်ပုံ)

(မန္တလေးနေ့စဉ်-၈)



# မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင် ၂၀၂၆-၂၀၂၇ ပညာသင်နှစ် ကျောင်းကျန်းမာရေးသီတင်းပတ်လှုပ်ရှားမှု(တိုင်းဒေသကြီးအဆင့်) အထိမ်းအမှတ်အခမ်းအနားသို့ တက်ရောက်






**မန္တလေး ဩဂုတ် ၁၄**

၂၀၂၆-၂၀၂၇ ပညာသင်နှစ် ကျောင်းကျန်းမာရေးသီတင်းပတ်လှုပ်ရှားမှု(တိုင်းဒေသကြီးအဆင့်) အထိမ်းအမှတ်အခမ်းအနားကို ယနေ့နံနက်ပိုင်းက ချမ်းအေးသာစံမြို့နယ်ရှိ အမှတ်(၁၄)အခြေခံပညာ အထက်တန်းကျောင်းတွင် ကျင်းပသည်။

အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီးတရားလွှတ်တော်တရားသူကြီးချုပ်၊ တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့နာယက ဝန်ကြီးချုပ်၏ ဇနီး၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ တိုင်းဒေသကြီး ပညာရေးမှူးရုံး၊ တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးနှင့်ကုသရေးဦးစီးဌာနတို့မှ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ဆေးရုံအုပ်ကြီးများ၊ ဌာနဆိုင်ရာများ၊ အသင်းအဖွဲ့များနှင့် နိုးနှယ်အဖွဲ့အစည်းများ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြပြီး ကျောင်းသား၊ ကျောင်းသူများက "အဓိကမျှော်တွေး ကျန်းမာရေး" သီချင်းသီဆို၍ အခမ်းအနားကို ဖွင့်လှစ်ခဲ့သည်။

အခမ်းအနား၌ တိုင်းဒေသကြီး ဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားရာတွင် ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ ကျန်းမာရေးအဆင့်မြှင့် ကျောင်းလုပ်ငန်းစဉ်(၉)ရပ်နှင့်အညီ အခြေခံပညာ မူလတန်း၊ အလယ်တန်းနှင့် အထက်တန်းကျောင်းများအားလုံးရှိ ကျောင်းသား၊ ကျောင်းသူများ၏ အသက်အရွယ်အလိုက် ကျောင်းကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို ပုံမှန်ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ အရွယ်မတိုင်ခင် အသက်သေဆုံးမှုများကို လျှော့ချရန်အတွက် ကျန်းမာရေးနှင့်ညီညွတ်သော လူနေမှုဘဝပုံစံများ ရရှိစွဲမြဲကျင့်သုံးတတ်စေရန်အတွက် ကျောင်းနေစဉ်အရွယ်ကတည်းက လေ့ကျင့်သင်ကြားပေးသွားရမည်ဖြစ်ပါကြောင်း၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးပါသည့် လူသားအရင်းအမြစ်များဖြစ်ရာ ကျောင်းကျန်းမာရေးလုပ်ငန်းများနှင့် အာဟာရဖွံ့ဖြိုးရေးလုပ်ငန်းများကို အလေးထားကာ ဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း၊ အရက်၊ ဆေးလိပ်၊ Vape နှင့် မူးယစ်ဆေးရှောင်ကြဉ်မှု အပါအဝင် ကျန်းမာရေးနှင့်ညီညွတ်သောအမူအကျင့်များကို သိရှိလိုက်နာပြီး ကျင့်သုံးအောင် အားလုံးဝိုင်းဝန်း၍ အကောင်းဆုံးပူးပေါင်းလုပ်ဆောင်မှုအားဖြင့် ထိရောက်စွာဆောင်ရွက်ပေးသွားကြရမည်ဖြစ်ပါကြောင်း ပြောကြားခဲ့သည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ကျောင်းသား၊ ကျောင်းသူများ၏ သီဆိုဖျော်ဖြေမှုများကို ကြည့်ရှုအားပေးပြီးနောက် အခြေခံပညာအလယ်တန်းနှင့် အထက်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲတွင် ဆုရရှိသူများကို ဂုဏ်ပြုဆုငွေများနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ၊ သီဆိုဖျော်ဖြေခဲ့ကြသည့်အဖွဲ့အား ဂုဏ်ပြုငွေများ ချီးမြှင့်ခဲ့ကြသည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ပြခန်းငယ်များ၊ ကျောင်းသား၊ ကျောင်းသူတစ်ဦးစီ၏ ကျန်းမာရေးစစ်ဆေးမှုများ၊ ဖီကြမ်းငှက်ပျောသီး၊ ကြက်ဥ၊ သီးစုံပဲဟင်း စုံလင်စွာပါဝင်သည့် ကျောင်းတွင်းအာဟာရဖြည့်စွက်စာ ကျွေးမွေးနေမှုများကို လိုက်လံကြည့်ရှုအားပေးခဲ့ကြောင်း၊ Grade-6 မှ Grade-12 အထိ အသက်အရွယ်အပိုင်းအခြားအလိုက် ကျောင်းသား၊ ကျောင်းသူများအား ဗီတာမင်အဆေး၊ သန်ချဆေးနှင့် သံဓာတ်အားဆေးပြားများ တိုက်ကျွေးခဲ့ကြကြောင်း သိရသည်။ **(မန္တလေးနေ့စဉ်)**










သတင်း–စာမျက်နှာ ၆
















# ရေဝင်ရောက်သည့် ကျေးရွာများသို့ သွယ်တန်းထားသည့် ဓာတ်အားလိုင်းများ ကွင်းဆင်းစစ်ဆေး

**အမရပူရ ဩဂုတ် ၁၄**

အမရပူရခရိုင်၊ အမရပူရမြို့နယ်၌ ဧရာဝတီမြစ်ရေကြီးမှုကြောင့် ရေဝင်ရောက်သည့် ကျေးရွာများနှင့် အမရပူရမြို့နယ် ၃၃/ ၁၁ ကေဗွီ ခန်းဓာတ်အားလိုင်းခွဲရုံမှ ဧဋ္ဌဝတီတံတားနှင့်ယှဉ်လျက် ပလိပ်မြို့သို့ သွယ်တန်းထားသည့် ၁၁ကေဗွီ မြောက်ကိုင်းဖီဒါမြစ်ငယ်တံတားအနီး ၁၁ ကေဗွီဓာတ်အားလိုင်း ဧဋ္ဌဝတီမြစ်ရေမျက်နှာပြင်နှင့် ထိစပ်နေသည့်အခြေအနေအား ဩဂုတ် ၁၃ ရက် နံနက်ပိုင်းက မန္တလေးလျှပ်စစ်ဓာတ်အားကော်ပိုရေးရှင်းမှ အမှုဆောင်အရာရှိချုပ်၊ မြို့နယ်လျှပ်စစ်မန်နေဂျာနှင့် တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးဆောင်ရွက်ခဲ့သည်။

မြို့နယ်လျှပ်စစ်မန်နေဂျာရုံးအနေဖြင့် ရေဝင်ရောက်နေသည့် ကျေးရွာများတွင် လျှပ်စစ်မီးအန္တရာယ်ကင်းရှင်းစေရန်အတွက် ဓာတ်အားလိုင်းများနှင့် ဓာတ်ခွဲရုံများအား လိုက်လံစစ်ဆေးခြင်း၊ ယာယီဓာတ်အားပိတ်ခြင်း၊ ဘေးအန္တရာယ်ကင်းရှင်းစေရေးစစ်ဆေးမှုများ ပြုလုပ်လျက်ရှိကြောင်း သိရသည်။

**လဲ့လဲ့နိုင်**

# မန္တလေးတိုင်းဒေသကြီးအတွင်း ရေဘေးသင့်ပြည်သူများအတွက် အလှူငွေများ လှူဒါန်း




**မန္တလေး ဩဂုတ် ၁၄**

မိုးသည်းထန်စွာ ရွာသွန်းမှုများကြောင့် မန္တလေးတိုင်းဒေသကြီးအတွင်း မြစ်ရေ၊ ဆည်ရေ မြင့်တက်မှုများဖြစ်ပေါ်ခဲ့ရာ ရေများဝင်ရောက်ခဲ့သည့် နေရာဒေသများမှ ရေဘေးသင့်ပြည်သူများအား မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့က အခြေခံစားသောက်ကုန်များ၊ ထောက်ပံ့ရေးပစ္စည်းများနှင့် ထောက်ပံ့ငွေများ ပေးအပ်လျက်ရှိပြီး စေတနာရှင် အလှူရှင်များကလည်း အလှူငွေများ လှူဒါန်းလျက်ရှိသည်။

မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံးသို့ ယနေ့မွန်းလွဲပိုင်းတွင် စေတနာရှင် အလှူရှင်များက အလှူငွေများကို လှူဒါန်းရာ အလှူရှင်များဖြစ်သည့် ဒေါက်တာစောလင်း + ဒေါက်တာကြူကြူအေး မိသားစုက ငွေကျပ်သိန်း(၅၀၀)၊ ဦးအောင်စိုး(Mစတီးလုပ်ငန်း)က ငွေကျပ်သိန်း(၃၀၀)၊ ဦးကျော်စိန်(ဟန်စတီးပါဝါသံမဏိစက်ရုံ)က ငွေကျပ်သိန်း(၃၀၀)တို့ကို လှူဒါန်းရာ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်နှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများက လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်၍ ကျေးဇူးတင်စကား ပြောကြားခဲ့ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်)**







## မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ခရိုင်မြို့ကြီးများအလိုက် စားအုန်းဆီတစ်ပိဿာ လက်လီဈေးနှုန်းများ ထုတ်ပြန်

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးဆီ တင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်း လုပ်ငန်းကြီးကြပ်ရေးကော်မတီ အနေဖြင့် စားအုန်းဆီအဓိကထုတ်လုပ်တင်ပို့သည့် နိုင်ငံများ၏ ဈေးနှုန်းများကို နေ့စဉ်စောင့်ကြည့်ကာ ပြည်တွင်းဈေးကွက်၌ ရောင်းဝယ်ဖောက်ကားရမည့် အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းကို ထုတ်ပြန်လျက်ရှိရာ ၂၀၂၆ ခုနှစ်၊ ဩဂုတ် ၁၄ ရက်မှ ၂၀ ရက်အထိ စားအုန်းဆီ တစ်ပိဿာလျှင် ရန်ကုန်အထိုင်ဈေး ငွေကျပ် ၇၂၀၂ ဖြစ်သည်။

မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ခရိုင်မြို့ကြီးများအလိုက် လက်လီ၊ လက်ကား ရောင်းချမည့် ဈေးနှုန်းများလည်း ရန်ကုန်အထိုင်ဈေးအပေါ်မူတည်ပြီး ကော်မတီမှ သတ်မှတ်သည့် ဒေသအလိုက် အရင်းဈေးအပေါ် အခြေခံ၍ မြို့တွင်းသယ်ယူခ၊ လုပ်သားခများနှင့် အမြတ် နှစ်ရာခိုင်နှုန်းထပ်ပေါင်း၍ ဖြစ်သင့်ဖြစ်ထိုက်သည့် လက်လီ၊ လက်ကားဈေးနှုန်းများအား သတ်မှတ်ထုတ်ပြန်ပေးလျက်ရှိရာ ၂၀၂၆ ခုနှစ်၊ ဩဂုတ် ၁၄ ရက်မှ ၂၀ ရက်အထိ မန္တလေးတိုင်းဒေသကြီး ခရိုင်မြို့ကြီးများအလိုက် စားအုန်းဆီတစ်ပိဿာ၏ လက်လီဈေးနှုန်းများမှာ မန္တလေးမြို့ ငွေကျပ် ၈၅၂၀ ကျပ်၊ မိတ္ထီလာမြို့ ငွေကျပ် ၈၃၄၀၊ ရမည်းသင်းမြို့ ငွေကျပ် ၈၃၂၀၊ ကျောက်ဆည်မြို့ ငွေကျပ် ၈၄၇၅၊ ပြင်ဦးလွင်မြို့ ငွေကျပ် ၈၅၇၀၊ မြင်းခြံမြို့ ငွေကျပ် ၈၅၉၅၊ ညောင်ဦးမြို့ ငွေကျပ် ၈၅၀၅ ဖြစ်ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်-၅)**

၀-၀-၀-၀-၀-၀-၀

## မြစ်ရေဝင်ရောက်နိုင်သည့် အနိမ့်ပိုင်းရပ်ကွက်များကို အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေ

**ဂန့်ဂေါ ဩဂုတ် ၁၄**

မကွေးတိုင်းဒေသကြီး၊ ဂန့်ဂေါခရိုင်၊ ဂန့်ဂေါမြို့တွင် မြို့နယ်အတွင်းရှိ အများပြည်သူများ ရေဘေးအန္တရာယ်မှ ကြိုတင်ကာကွယ်နိုင်ရေးအတွက် ခရိုင်သတင်းနှင့် ပြန်ကြားရေးလုပ်ငန်းအဖွဲ့ဝင်များ ပါဝင်သည့် ပူးပေါင်းအဖွဲ့သည် ဩဂုတ် ၁၃ ရက် နံနက်ပိုင်းက မြို့မရပ်ကွက်အတွင်းရှိ မြစ်သာမြစ်ဘေးနှင့် လောင်ထောင်ချောင်းနံဘေးရှိ အနိမ့်ပိုင်းရပ်ကွက်များ မြစ်ရေမြင့်တက်လာပါက ကြိုတင်သတိရှိရေးနှင့် ကာကွယ်နိုင်ရေးအတွက် ရည်ရွယ်၍ ရေဝင်ရောက်နိုင်သည့် နေအိမ်များသို့ တစ်အိမ်တက်ဆင်း လိုက်လံသွားရောက်၍ အသိပညာပေးလက်ကမ်းစာစောင်များကို ဖြန့်ဝေခဲ့ကြသည်။

ထိုသို့ ရေဘေးအန္တရာယ် အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေရာတွင် အများပြည်သူများအနေဖြင့် ရေဘေးအန္တရာယ် မဖြစ်ပေါ်မီ ကြိုတင်ပြင်ဆင်ရမည့်အချက်များ၊ ရေကြီးခြင်းသတိပေးချက်ရလျှင် ဆောင်ရွက်ရမည့်အချက်များ၊ ရေကြီးခြင်းဖြစ်ပေါ်နေချိန်တွင် လိုက်နာရမည့်အချက်များ၊ ရေကြီးခြင်းဖြစ်ပေါ်နေချိန်တွင် ရှောင်ရှားသင့်သည့်အချက်များ၊ ရေကြီးပြီးနောက် ပြုလုပ်ရမည့်အချက်များ၊ ရေကြီးပြီးနောက် ရှောင်ရှားသင့်သည့် အချက်များနှင့် သဘာဝဘေးအန္တရာယ်များ ကြုံတွေ့လျှင် ဆက်သွယ်ရမည့် ဖုန်းနံပါတ်များ ပါဝင်သည့် လက်ကမ်းစာစောင်များကို ဖြန့်ဝေကာ လိုက်နာရမည့် အချက်များကို အသိပညာပေးခြင်းများ ဆောင်ရွက်ခဲ့ကြသည်။

အဆိုပါ လက်ကမ်းစာစောင်များဖြန့်ဝေခြင်းကို ခရိုင်သတင်းနှင့်ပြန်ကြားရေးလုပ်ငန်းအဖွဲ့ဝင်များဖြစ်သည့် ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးညီညီဇော်နှင့် ဝန်ထမ်းများ၊ ခရိုင်မီးသတ်ဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးသန်းထက်အောင်နှင့်တပ်ဖွဲ့ဝင်များ၊ မြို့နယ်မီးသတ်ဦးစီးမှူးနှင့် တပ်ဖွဲ့ဝင်များ၊ ခရိုင်လူမှုဝန်ထမ်းဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ခင်လှဲ့ရည်လှိုင်၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ မြို့နယ်အမျိုးသမီးရေးရာနှင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များပါဝင်သည့် ပူးပေါင်းအဖွဲ့သည် ရေဘေးအန္တရာယ်မှ ကြိုတင်ကာကွယ်နိုင်ရေးအတွက် အသိပညာပေးခြင်းနှင့် ရေဘေးပညာပေးလက်ကမ်းစာစောင် ၂၀၀ ကို အခမဲ့ဖြန့်ဝေခဲ့ကြကြောင်း သိရသည်။ **မောင်မျိုးမင်း(ပြန်/ဆက်)**




## ပထမအကြိမ် မိုးရာသီအမျိုးသားဘောလုံးပြိုင်ပွဲ ကျင်းပ

**လယ်ဝေး ဩဂုတ် ၁၄**

၂၀၂၆ ခုနှစ်၊ လယ်ဝေးမြို့နယ်၊ အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် ကိုယ်ပိုင်ကျောင်းများ ပူးပေါင်းကျင်းပသည့် ပထမအကြိမ် မိုးရာသီအမျိုးသားဘောလုံးပြိုင်ပွဲ ဖွင့်ပွဲကို ဩဂုတ် ၁၃ ရက် ညနေ ၃ နာရီခွဲက လယ်ဝေးမြို့နယ်၊ အားကစားကွင်း၌ ကျင်းပသည်။

ရှေးဦးစွာ လယ်ဝေးမြို့နယ်၊ ခေတ္တမြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်စွာက အဖွင့်မိန့်ခွန်းပြောကြား၍ ဘောလုံးပွဲအားစတင်ဖွင့်လှစ်ပေးရာ အုပ်စုပွဲစဉ်အဖြစ် ကောင်းသစ် FC အသင်းနှင့် စံပယ်ဦး FC အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့သည်။

ပြိုင်ပွဲတွင် ကောင်းသစ် FC မှ စံပယ်ဦး FC အား လေးဂိုး တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။ လယ်ဝေးမြို့နယ် အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် ကိုယ်ပိုင်ကျောင်းများ ပူးပေါင်းကျင်းပသည့် မိုးရာသီ အမျိုးသားဘောလုံးပြိုင်ပွဲတွင် ကောင်းသစ်၊ စံပယ်ဦး၊ ပါရမီ၊ AMKK၊ မြတ်ပညာမွန်၊ ဇေယျာထက်၊ A-Education စသည့် အသင်း ခုနစ်သင်းပါဝင်ယှဉ်ပြိုင်မည်ဖြစ်ပြီး ပွဲစဉ်ကာလမှာ ဩဂုတ် ၁၂ ရက်မှ ၂၄ ရက်အထိဖြစ်ကြောင်း သိရသည်။

**(အပေါ်ပုံ)**

**မြို့နယ်(ပြန်/ဆက်)**

# နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို စွမ်းစွမ်းတမံ တာဝန်ထမ်းဆောင်ကြမည့် နိုင်ငံ့သားကောင်းများ၏ ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၂၅)သင်တန်းဆင်းပွဲများ ကျင်းပ



နေပြည်တော် ဩဂုတ် ၁၄

နိုင်ငံသားတိုင်းသည် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသည့် ဒို့တာဝန်အရေးသုံးပါးကို စောင့်ထိန်းရန်တာဝန်ရှိသဖြင့် ယင်းတာဝန်များကို ထမ်းဆောင်နိုင်ရန်အတွက် စိတ်အားထက်သန်စွာ လာရောက်စာရင်းပေးသွင်းကြသည့် လူငယ်များကို ပြည်သူ့စစ်မှုထမ်းသင်တန်းများ ဖွင့်လှစ်သင်ကြားပေးလျက်ရှိရာ ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၂၅)သင်တန်းဆင်းပွဲ အခမ်းအနားများကို ယနေ့တွင် တိုင်းစစ်ဌာနချုပ်များအလိုက် နယ်မြေခံသင်တန်းကျောင်းအသီးသီး၌ ကျင်းပပြုလုပ်ကြသည်။

အဆိုပါ သင်တန်းဆင်းပွဲများကို သင်တန်းဆင်းစစ်ရေးပြ အစီအစဉ်အတိုင်း ဆောင်ရွက်ကြပြီး သင်တန်းသားများက နိုင်ငံတော်အလံကိုကိုင်၍ ကတိသစ္စာခံယူကြသည်။ ထို့နောက် သင်တန်းကျောင်းများအလိုက် သက်ဆိုင်ရာတာဝန်ရှိသူများက သင်တန်းဆင်းအမှာစကားများ ပြောကြားကြပြီး သင်တန်းဆင်းထူးချွန်ဆု ရရှိသူများအား ဆုများ ပေးအပ်ချီးမြှင့်ကြသည်။

သင်တန်းဆင်းပွဲ အခမ်းအနားများအပြီးတွင် သင်တန်းဆင်းပွဲများသို့ တက်ရောက်ကြသော နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ဝန်ကြီးချုပ်များ၊ တိုင်းစစ်ဌာနချုပ် အသီးသီးမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သင်တန်းကျောင်းခန်းမများ၌ ပြည်သူ့စစ်မှုထမ်း သင်တန်း အမှတ်စဉ်(၂၅)မှ သင်တန်းဆင်း နိုင်ငံ့သားကောင်းစစ်သည်များအား တွေ့ဆုံအမှာစကား ပြောကြားပြီး ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်အားပေးကြသည်။

အဆိုပါ ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၂၅)မှ သင်တန်းသားများကို ကြွခိုင်ရေးဘာသာရပ်၊ စစ်ရေးပြဘာသာရပ်၊ စစ်နည်းဗျူဟာဘာသာရပ် စသည့် ဘာသာရပ်များနှင့် အထွေထွေဘာသာရပ်များကို အဆင့်ဆင့်လေ့ကျင့်သင်ကြားပေးခဲ့ကြကြောင်း သိရသည်။

ယနေ့တွင် သင်တန်းဆင်းခဲ့ကြသည့် ပြည်သူ့စစ်မှုထမ်း နိုင်ငံ့သားကောင်းစစ်သည်များသည် အဖွဲ့အစည်းဖြင့် စနစ်တကျ လုပ်ကိုင်ဆောင်ရွက်တတ်သည့် အလေ့အကျင့်ကောင်းများ ရရှိခဲ့ကြပြီး နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်၊ အဖွဲ့အစည်းစိတ်၊ ရဲဘော်ရဲဘက်စိတ်၊ ပြည်သူလူထု၏ အသက်အိုးအိမ် စည်းစိမ်များကို ကာကွယ်စောင့်ရှောက်လိုသည့်စိတ် အပြည့်အဝဖြင့် တာဝန်ကျရာ တပ်ရင်း/တပ်ဖွဲ့ အသီးသီးသို့ သွားရောက်၍ ဂုဏ်ယူစွာဖြင့် တာဝန်ထမ်းဆောင်ကြတော့မည်ဖြစ်သည်။

နိုင်ငံတော်အနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေအရ နိုင်ငံသားများ၏ အခွင့်အရေးကို ကာကွယ်စောင့်ရှောက်ပေးလျက်ရှိပြီး နိုင်ငံသားများအနေဖြင့်လည်း နိုင်ငံ့တာဝန်များကို ထမ်းဆောင်ကြရမည်ဖြစ်သည်။ ယင်းတာဝန်များကို ကျေပွန်စွာထမ်းဆောင်ရန် ဆန္ဒရှိကြသည့် နိုင်ငံ့သားကောင်းများသည် ပြည်သူ့စစ်မှုထမ်းသင်တန်းများ တက်ရောက်ကာ နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို ထမ်းဆောင်နေကြပြီဖြစ်သည်။

ထို့နောက် ညပိုင်းတွင် ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၂၅)မှ နိုင်ငံ့သားကောင်းစစ်သည်များအား သင်တန်းဆင်းဂုဏ်ပြု ညစာစားပွဲများကို သင်တန်းကျောင်းအသီးသီး၌ ပြုလုပ်ပေးခဲ့ကြကြောင်း သတင်းရရှိသည်။

သတင်းစဉ်



# နိုင်ငံတော်တည်ငြိမ်ရေးနှင့် နယ်မြေအေးချမ်းသာယာရေးအတွက် စစ်ဆင်ရေးတာဝန်များကို ထမ်းဆောင်ခဲ့ပြီး ရှေ့တန်းပြန် နိုင်ငံ့သားကောင်း တပ်မတော်သားများအား ဂုဏ်ပြုကြိုဆိုပွဲ အခမ်းအနားကျင်းပ

နေပြည်တော် ဩဂုတ် ၁၄

နိုင်ငံတော် တည်ငြိမ်ရေးနှင့် နယ်မြေ အေးချမ်းသာယာရေး အတွက် စစ်ဆင်ရေးတာဝန်များကိုထမ်းဆောင်ပြီး ပြန်လည်ရောက်ရှိလာသော ရှေ့တန်းပြန် နိုင်ငံ့သားကောင်း တပ်မတော်သားများအား ဂုဏ်ပြုကြိုဆိုခြင်း အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် တနင်္သာရီတိုင်းဒေသကြီး ပလောက်မြို့ရှိ နယ်မြေခံတပ်ရင်း၌ပြုလုပ်ရာ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ တိုင်းရင်းသားပြည်သူများ စိတ်အေးချမ်းသာစွာ နေထိုင်လုပ်ကိုင်စားသောက်နိုင်ရေးနှင့် အသက်အိုးအိမ် စည်းစိမ်ဥစ္စာ လုံခြုံမှုရှိစေရေး၊ နိုင်ငံတော် တည်ငြိမ်ရေး၊ နယ်မြေအေးချမ်းသာယာရေးအတွက် ရှေ့တန်းစစ်မျက်နှာများတွင် စစ်ဆင်ရေးတာဝန်များကို မိဝေး ဖဝေး၊ မိသားစုများနှင့် ဝေးကွာ၍ နေ့မအား၊ ညမနား စွမ်းစွမ်းတမံ တာဝန် ထမ်းဆောင်ခဲ့သော ရှေ့တန်းပြန်တပ်မတော်သားများအား တိုင်းမှူးနှင့်တက်ရောက်လာကြသူများက ဂုဏ်ပြုပန်းကုံးများ၊ အောင်သပြေခက်များဖြင့် လည်းကောင်း၊ အတီးအမှုတ်၊ အကအခုန်များဖြင့်လည်းကောင်း သောင်းသောင်းဖြဖြ ဂုဏ်ပြုကြိုဆိုခဲ့ကြသည်။ ယင်းနောက် တာဝန်ရှိသူများက အောင်ပွဲရရှေ့တန်းပြန် တပ်မတော်သားများအား ဂုဏ်ပြုအမှာစကားပြောကြားပြီး ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

# လေးမျက်နှာမြို့ပေါ်ရပ်ကွက်များနှင့် ပတ်ဝန်းကျင်ကျေးရွာများ၊ ဟင်္သာတမြို့နယ်၊ ရေကြည်မြို့နယ်၊ ငါးသိုင်းချောင်းမြို့၊ ကျုံပျော်မြို့၊ ကျောင်းကုန်းမြို့နှင့် ပတ်ဝန်းကျင်ကျေးရွာများတွင် ရေဘေးကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

နေပြည်တော် ဩဂုတ် ၁၄

ဧရာဝတီတိုင်း ဒေသကြီး လေးမျက်နှာမြို့နယ်၌ ၂၀၂၆ ခုနှစ် ဇူလိုင်လ ၃၀ ရက် ညပိုင်းတွင် မိုးသည်းထန်စွာ ရွာသွန်းမှုနှင့် မြစ်ရေတိုက်စားမှုကြောင့် ငဝန်မြစ်ရေကာတာ၏ အောက်ခံမြစ်ကျိုးအင်းသဲကြောမှ ထူးပေါက်၍ ရေဖြတ်သန်းစီးဆင်းမှု ဖြစ်ပွားခဲ့ရာ ယနေ့အထိ လေးမျက်နှာမြို့ မြို့ပေါ်ရပ်ကွက် ငါးခု၊ မြို့တွင်းလမ်းမကြီးများနှင့် ပတ်ဝန်းကျင်ကျေးရွာ ၁၂၄ ရွာ၊ ဟင်္သာတမြို့နယ် ၃၇ ရွာ၊ ရေကြည်မြို့ပေါ် ရပ်ကွက်လေးခုနှင့် ပတ်ဝန်းကျင်ကျေးရွာ ၂၇ ရွာ၊ ငါးသိုင်းချောင်းမြို့ မြို့ပေါ်ရပ်ကွက် နှစ်ခု၊ ကျုံပျော်မြို့ မြို့ပေါ်ရပ်ကွက် နှစ်ခုနှင့် ပတ်ဝန်းကျင်ကျေးရွာကိုးရွာ၊ ကျောင်းကုန်းမြို့ မြို့ပေါ်ရပ်ကွက်နှစ်ခုနှင့် ကျေးရွာနှစ်ရွာ စုစုပေါင်း မြို့ပေါ်ရပ်ကွက် ၁၅ ခုနှင့် ကျေးရွာ ၁၉၉ ရွာသို့ ရေဝင်ရောက်မှုများ ဖြစ်ပွားခဲ့သည်။

ထို့ကြောင့် အနောက်တောင်တိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုကယ်ဆယ်ရေးအဖွဲ့များ၊ ပရဟိတအဖွဲ့များနှင့် ဒေသခံတိုင်းရင်းသားများ စုပေါင်း၍ ရေဘေးကယ်ဆယ်ရေးစခန်းများ ဖွင့်လှစ်ကာ ရေဘေးသင့်ပြည်သူများအား ရှာဖွေကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးခြင်း၊ စားသောက်ဖွယ်ရာများ လိုက်လံ ပို့ဆောင်ပေးခြင်း၊ ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးခြင်း၊ ငဝန်ပန်းတာမှ ရေဝင်လမ်းထိန်းချုပ်ကာကွယ်နိုင်ရန်အတွက် ငဝန်ပန်းတာ ရေဝင်လမ်းအား (Geobags) အိတ်များချခြင်း၊ မျောတုတ်တန်းများအတွင်း သဲအိတ်များဖြည့်၍ ကာကွယ်ခြင်း၊ Steel Sheet Pile ရိုက်သွင်းခြင်း လုပ်ငန်းများကို အရှိန်အဟုန်မြှင့် ဆက်လက် ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်နေမှုများကို အနောက်တောင်တိုင်း စစ်ဌာနချုပ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။

သတင်းစဉ်



# သစ်ပင်လဲကျသဖြင့် ရှင်းလင်းရေးလုပ်ငန်းများ ဆောင်ရွက်

**မုံရွာ ဩဂုတ် ၁၄**

ဩဂုတ် ၁၀ ရက် နံနက် ၇ နာရီခွဲက စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့နယ်၊ ရတနာပုံရပ်ကွက်၌ မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် နေအိမ်ခြံဝင်းအတွင်း လုံးပတ် ၅ ပေ၊ အမြင့် ၅၀ ပေခန့်ရှိ တမာပင်သည် မြေပွ၍ အမြစ်မခိုင်ဘဲ လဲကျနေကြောင်း သတင်းရရှိသဖြင့် မုံရွာမြို့နယ်မီးသတ်စခန်းမှ မီးသတ်တပ်ဖွဲ့ဝင်များသည် မီးသတ်ယာဉ် တစ်စီးဖြင့် ရှင်းလင်းရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ရာ နံနက် ၁၁ နာရီခွဲ၌ ပြီးစီးခဲ့ပြီး အဆိုပါဖြစ်စဉ်ကြောင့် လူထိခိုက်ဒဏ်ရာရရှိမှုနှင့် ပျက်စီးဆုံးရှုံးမှုမရှိကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**

## ၁၄ - ၈ -၂၀၂၆ ရက်နေ့ ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗ စင်တီမီတာနှင့်အထက်ရှိ စံချိန်မီ ရွှေတစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်) ၏ ဈေးနှုန်းမှာ ငွေကျပ် ၇၀၅၀၀၀၀ ဖြစ်သည်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

○ စာမျက်နှာ ၂၄ မှ

၂၇ စက္ကန့်တွင် ကာကွယ်ရေးဝန်ကြီးဌာနအသင်းမှ ကျောနံပါတ်(၇) ငြိမ်းမင်းစိုးက ပထမဦးဆောင်ဂိုးကိုလည်းကောင်း၊ ပွဲကစားချိန် ၁၁ မိနစ် ၄၅ စက္ကန့်တွင် ကျောနံပါတ်(၇) ထွန်းအောင်ကျော်က ဆောက်လုပ်ရေးဝန်ကြီးဌာနအသင်းအတွက် ပထမဆုံး ချေပဂိုးကိုသွင်းယူပေးခဲ့ပြီး ပွဲကစားချိန် ၁၇ မိနစ် ၂၄ စက္ကန့်တွင် ကာကွယ်ရေးဝန်ကြီးဌာနအသင်းမှ ကျောနံပါတ် (၁၁) ထွဋ်ဝေထွန်းက ဒုတိယဂိုးကိုလည်းကောင်း၊ ပထမပိုင်းပွဲပြီးရန် ၁ မိနစ် စက္ကန့် ၄၀ အလိုတွင် ကျောနံပါတ်(၁၁) နိုင်ထွန်းလူက ဆောက်လုပ်ရေးဝန်ကြီးဌာနအသင်းအတွက် ဒုတိယချေပဂိုးကိုလည်းကောင်း ထပ်မံသွင်းယူပေးခဲ့သည်။

ဗိုလ်လုပွဲ ပွဲစဉ်ဖြစ်သည့်အတွက် နှစ်သင်းစလုံး အကြိတ်အနယ် အနိုင်ဂိုးများ အပြန်အလှန်သွင်းယူခဲ့ကြရာ ဒုတိယပိုင်းပွဲပြီးဆုံးချိန်တွင် နှစ်သင်းစလုံး တစ်ဖက်သုံးဂိုးစီ သရေရလဒ်ဖြစ်နေသည့်အတွက် အချိန်ပို ၅ မိနစ်(၂)ပိုင်း ထပ်မံယှဉ်ပြိုင်ကစားခဲ့ရာ ဆောက်လုပ်ရေးဝန်ကြီးဌာနအသင်းက ကာကွယ်ရေးဝန်ကြီးဌာနအသင်းကို လေးဂိုး-သုံးဂိုးဖြင့် အကြိတ်အနယ် ယှဉ်ပြိုင်အနိုင်ရရှိခဲ့သည်။

ဗိုလ်လုပွဲအပြီးတွင် ဆုချီးမြှင့်ပွဲကို ဆက်လက်ကျင်းပရာ အကောင်းဆုံး ဂိုးသမားဆုရရှိသည့် ကာကွယ်ရေးဝန်ကြီးဌာနအသင်းမှ ကျောနံပါတ်(၂) မင်းခန့်အောင်အား ဆုဖလား (Trophy)နှင့် ဂုဏ်ပြုဆုကြေးငွေကျပ် နှစ်သိန်းကို အမျိုးသမီးရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်စန်းစန်းနွယ်က လည်းကောင်း၊ ပွဲစဉ်တစ်လျှောက် အကောင်းဆုံးအားကစားသမားဆုရရှိသည့်ဆောက်လုပ်ရေးဝန်ကြီးဌာနအသင်းမှ ကျောနံပါတ်(၁၁) နိုင်ထွန်းလူအား ဆုဖလား(Trophy)နှင့် ဂုဏ်ပြုဆုကြေးငွေကျပ် နှစ်သိန်းကို ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးနေမျိုးလှိုင်က လည်းကောင်း၊ အသန့်ရှင်းဆုံး အသင်းဆုရရှိသည့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအသင်းအား ဆုဖလား (Trophy) နှင့် ဂုဏ်ပြုဆုကြေးငွေကျပ် ငါးသိန်းကို ကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်မျိုးသန့်ကလည်းကောင်း၊ပူးတွဲတတိယဆုရရှိသည့် ပြည်ထဲရေးဝန်ကြီးဌာနအသင်းအား တစ်ဦးချင်း ဆုတံဆိပ်နှင့် ဂုဏ်ပြုဆုကြေးငွေကျပ် ၁၅ သိန်းကို ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးထွန်းလူကလည်းကောင်း၊ ပူးတွဲတတိယဆုရရှိသည့် ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနအသင်းအား တစ်ဦးချင်း ဆုတံဆိပ်နှင့် ဂုဏ်ပြုဆုကြေးငွေကျပ် ၁၅ သိန်းကို နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးကံမြင့်သန်းကလည်းကောင်း၊ ဒုတိယဆုရရှိသည့် ကာကွယ်ရေးဝန်ကြီးဌာနအသင်းအား တစ်ဦးချင်းဆုတံဆိပ်နှင့် ဂုဏ်ပြုဆုကြေးငွေကျပ် သိန်း ၅၀ ကို ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်ကလည်းကောင်း၊ ပထမဆုရရှိသည့် ဆောက်လုပ်ရေးဝန်ကြီးဌာနအသင်းအား တစ်ဦးချင်းဆုတံဆိပ်နှင့် ဂုဏ်ပြုဆုကြေး ငွေကျပ်သိန်း ၁၀၀ နှင့် အမျိုးသားတံခွန်စိုက် ဆုဖလားတို့ကို မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ၊ အားကစားရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးရဲမြင့်ထွန်းက လည်းကောင်း ပေးအပ်ချီးမြှင့်ကြသည်။

မြန်မာ့အားကစားကဏ္ဍ တိုးတက်မြင့်မားစေရေးအတွက် နိုင်ငံတော်သမ္မတ၏ လမ်းညွှန်ချက်နှင့်အညီ အားကစားရေးရာဝန်ကြီးဌာနအနေဖြင့် Mass Sports မှ Excellent Sports အဆင့်ထိ ရောက်ရှိစေရန် ရည်ရွယ်၍ ၂၀၂၆ ခုနှစ် ဝန်ကြီးဌာနပေါင်းစုံ ဖူဆယ်(အမျိုးသား) ပြိုင်ပွဲကို ၂၀၂၆ ခုနှစ် ဩဂုတ် ၃ ရက်မှ ၁၄ ရက်အထိ နေပြည်တော်ဝဏ္ဏသိဒ္ဓိအားကစားကွင်းရှိ ဖူဆယ်အားကစားရုံ၌ ၁၂ ရက်ကြာ ကျင်းပပြုလုပ်ခဲ့ရာ ပြိုင်ပွဲဝင်အမျိုးသားအသင်း ၂၅ သင်း စုစုပေါင်း ပြိုင်ပွဲဝင်အုပ်ချုပ်သူ၊ နည်းပြနှင့် အားကစားသမားအင်အား ၄၄၅ ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

❑ စာမျက်နှာ ၂၄ မှ

မလေးရှားအသင်းနှင့် ဗီယက်နမ်အသင်းတို့သည် မလေးရှားအားကစားကွင်းတွင်လည်းကောင်း၊ ဩဂုတ် ၁၈ ရက် ည ၇ နာရီခွဲအချိန်တွင် ထိုင်းအသင်းနှင့် စင်ကာပူအသင်းတို့သည် ထိုင်းအားကစားကွင်းတွင်လည်းကောင်း၊ ဩဂုတ် ၁၉ ရက် ည ၇ နာရီခွဲတွင် ဗီယက်နမ်အသင်းနှင့် မလေးရှားအသင်းတို့သည် ဗီယက်နမ်အားကစားကွင်းတွင်လည်းကောင်း ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။ ဗိုလ်လုပွဲ ပွဲစဉ်များအား ဩဂုတ် ၂၂ ရက်နှင့် ဩဂုတ် ၂၆ ရက် ည ၇ နာရီခွဲတို့တွင် အသီးသီးယှဉ်ပြိုင်ကစားကြမည် ဖြစ်သည်။

အဆိုပါ ဘောလုံးပြိုင်ပွဲ ပွဲစဉ်များအား MRTV Sports Channel နှင့် MRTV Entertainment Channel တို့မှ တိုက်ရိုက် (Live) ထုတ်လွှင့်ပြသမည်ဖြစ်သည်။

သတင်းစဉ်

# ကလေးအလုပ်သမားပပျောက်ရေး အသိပညာပေးဟောပြော



**ကျွန်းလှ ဩဂုတ် ၁၄**

စစ်ကိုင်းတိုင်းဒေသကြီး၊ ကန့်ဘလူခရိုင်၊ ကျွန်းလှမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အားကစားနှင့်ကာယပညာဦးစီးဌာနတို့ပူးပေါင်းပြီး ကလေးအလုပ်သမား ပပျောက်ရေး အသိပညာပေးဟောပြောပွဲကို ယနေ့နံပိုင်းက တပ်ကုန်းကျေးရွာ၊ ဘုန်းတော်ကြီးသင်ပညာရေးကျောင်း၌ ကျင်းပသည်။

အဆိုပါ ဟောပြောပွဲတွင် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ဒုတိယဦးစီးမှူး ဒေါ်သန်းသန်းမြင့်က ကလေးအလုပ်သမား ပပျောက်ရေး ရည်မှန်းချက်၊ ကလေးအလုပ်သမားဖြစ်ရခြင်းအကြောင်းကိုလည်းကောင်း၊ မြို့နယ်အားကစားနှင့်ကာယပညာဦးစီးဌာန ဦးစီးမှူး ဒေါ်နွယ်နွယ်ထွန်းက အားကစားအမျိုးအစားနှင့် အားကစားနည်းများအကြောင်း ရှင်းလင်းပြောကြားကြသည်။

ထို့နောက် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခင်းကျင်းပြသထားသည့် စာအုပ်၊ စာစောင်များ၊ ကလေးအလုပ်သမား ပပျောက်ရေးနှင့် မူးယစ်ဆေးဝါးအန္တရာယ် အသိပညာပေးနံရံကပ်စာစောင်များကို ကျောင်းသား၊ ၊ကျောင်းသူများက လေ့လာကြည့်ရှုမှတ်သားခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ)

(၄၈၀)

# လူငယ်နှင့် မူးယစ်ဆေးဝါးအန္တရာယ် အသိပညာပေးဟောပြောပွဲ ကျင်းပ

**ဂန့်ဂေါ ဩဂုတ် ၁၄**

မကွေးတိုင်းဒေသကြီး၊ ဂန့်ဂေါမြို့တွင် လူငယ်နှင့်မူးယစ်ဆေးဝါးအန္တရာယ်အသိပညာပေးဟောပြောပွဲကို ယမန်နေ့ နံနက် ၉ နာရီက အခြေခံပညာအလယ်တန်းကျောင်း (မြောက်ကုန်း)တွင် ကျင်းပခဲ့သည်။

ရှေးဦးစွာ ဟောပြောပွဲတွင် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ယဉ်ယဉ်အေးက မူးယစ်ဆေးဝါး၏ ဆိုးကျိုးအန္တရာယ်များ၊ မူးယစ်ဆေးသုံးစွဲသူ၏ လက္ခဏာများ၊ မူးယစ်ဆေးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအကြောင်းနှင့် ဆေးလိပ်၊ ဆေးရွက်ကြီးထွက်ပစ္စည်းများ သုံးစွဲခြင်းကြောင့် ဖြစ်ပေါ်နိုင်သည့် ကျန်းမာရေးဆိုင်ရာ ဆိုးကျိုးများအကြောင်းတို့ကို အသိပညာပေး ဟောပြောပြီး ခရိုင်လူမှုဝန်ထမ်းဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ခင်လဲ့ရည်လှိုင်က ကလေးသူငယ်များ၏ ရပိုင်ခွင့်နှင့် အခွင့်အရေးဆိုင်ရာများ၊ ကလေးသူငယ်ဆိုင်ရာ ဥပဒေများအကြောင်းတို့ကို အသိပညာပေး ဟောပြောခဲ့ကြသည်။ ဟောပြောပွဲအပြီးတွင် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းများနှင့် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင်များက သွေးလွန်တုပ်ကွေးရောဂါကာကွယ်ရေး အသိပညာပေး လက်ကမ်းစာစောင်များကို ဖြန့်ဝေပြီး မူးယစ်ဆေးဝါးအန္တရာယ်အသိပညာပေး နံရံကပ်စာစောင်များကို ပြသရာ ကျောင်းသား၊ ကျောင်းသူများက စိတ်ပါဝင်စားစွာ ကြည့်ရှုခဲ့ကြသည်။



အဆိုပါ ဟောပြောပွဲသို့ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ယဉ်ယဉ်အေးနှင့် ဝန်ထမ်းများ၊ ခရိုင်လူမှုဝန်ထမ်းဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ခင်လဲ့ရည်လှိုင်နှင့် ဝန်ထမ်းများ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ အခြေခံပညာအလယ်တန်းကျောင်း (မြောက်ကုန်း)မှ ကျောင်းအုပ်ကြီးနှင့် ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ စုစုပေါင်း ၂၅၀ ဦး တက်ရောက်ခဲ့ကြကြောင်း သိရသည်။

(ဝဲပုံ)

**မောင်မျိုးမင်း(ပြန်ဆက်)**

၀-၀-၀-၀-၀-၀-၀

# မူးယစ်ဆေးဝါးအန္တရာယ်ကြိုတင်ကာကွယ်အသိပညာပေးဟောပြောပွဲ ကျင်းပ

**မန္တလေး ဩဂုတ် ၁၄**

အခြေခံပညာဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီး၊ ပညာရေးမှူးရုံးနှင့် မြန်မာနိုင်ငံမူးယစ်ဆေးဝါးသုံးစွဲမှုပပျောက်ရေးအသင်း(ဗဟို)(AEDA-Mdy) တို့ ပူးပေါင်းကျင်းပသည့် မူးယစ်ဆေးဝါးအန္တရာယ်ကြိုတင်ကာကွယ်အသိပညာပေး ဟောပြောပွဲကို ဩဂုတ် ၁၂ ရက် နံနက်ပိုင်းက မဟာအောင်မြေမြို့နယ်အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းခွဲ၌ ကျင်းပသည်။

ရှေးဦးစွာ ကျောင်းအုပ်ဆရာကြီးဦးအောင်သူလင်းက အမှာစကားပြောကြားပြီး မူးယစ်သမိုင်းကြောင်းကို အမှုဆောင်ဒေါ်သင်းသင်းဦး အရက်ကွမ်းဆေး ဥပဒ်ပေး၊ မူးယစ်ဆေးဝါးဆိုးကျိုးအန္တရာယ်ကြောင်းကို တွဲဖက်အတွင်းရေးမှူးဦးသန့်ဇင်ဦး၊ ဘဏ္ဍာရေးမှူး ဒေါ်ခင်မေပိုင်တို့က တက်ရောက်လာသည့် ကျောင်းသား၊ ကျောင်းသူများအား မေးခွန်းမေးမြန်းပြီး ဖြေဆိုသည့် ကျောင်းသား၊ ကျောင်းသူများအား ဆုချီးမြှင့်ခဲ့သည်။

မူးယစ်ဆေးဝါးမသုံးစွဲရေးအတွက် သန္နိဋ္ဌာန်ရွတ်ဆိုကြပြီး ကျောင်းဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူ စုစုပေါင်း ၂၀၀ ဦး တက်ရောက်ကြကြောင်း သိရသည်။

(အောက်ပုံ)

(၀၇၀)



# နှစ်လုံး၊ သုံးလုံးထီလောင်းကစားပြုလုပ်သူအား ဖမ်းဆီးအရေးယူ

**လားရှိုး ဩဂုတ် ၁၄**

ဩဂုတ် ၁၀ ရက် ညနေ ၅ နာရီ ၄၅ မိနစ်တွင် ရှမ်းပြည်နယ်၊ လားရှိုးမြို့နယ်၊ မြန်မာခါးရိုးရပ်ကွက်နေ ဒေါ်ဟယ်လင်အစ္စတန် (၃၅)နှစ်ဆိုသူ၏ နေအိမ်၌ နှစ်လုံးထီလောင်းကစားပြုလုပ်နေကြောင်း သတင်းအရ လားရှိုးနယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များက သက်သေများနှင့်အတူ သွားရောက်စစ်ဆေးခဲ့ရာ ၄င်းအား နေအိမ်အတွင်း၌ နှစ်လုံးထီလောင်းကစားပြုလုပ်ရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများ၊ လောင်းကြေးငွေများနှင့်အတူ တွေ့ရှိသိမ်းဆည်းရမိခဲ့သဖြင့် ဟယ်လင်အစ္စတန်ဆိုသူအား လားရှိုးနယ်မြေရဲစခန်းမှ အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**

၀-၀-၀-၀-၀

ဥပဒေဘောင်တွင်း နေထိုင်ခြင်း
ဘေးကင်းရန်ကွာ လွန်ချမ်းသာ။




## ဗလာဟိုဗစ် ဘီဆစ်တပ်စ်အသင်းတွင် ကျောနံပါတ်(၂၈) ဂျာစီကို ဝတ်ဆင်ကစားသွားမည်



**လန်ဒန် ဩဂုတ် ၁၄**

တိုက်စစ်မှူးသစ် ဗလာဟိုဗစ် ဘီဆစ်တပ်စ်အသင်းတွင် ကျောနံပါတ်(၂၈)ဂျာစီကို ဝတ်ဆင်ကစားသွားမည်ဖြစ်သည်။

အသက်(၂၆)နှစ်အရွယ်ရှိ တိုက်စစ်မှူးသည် လက်ရှိဈေးကွက်အတွင်းတွင် ဂျူဗင်တပ်အသင်းမှ ဘီဆစ်တပ်စ်အသင်းသို့ သုံးနှစ်စာချုပ် ချုပ်ဆိုကာ ပြောင်းရွှေ့ရောက်ရှိလာခြင်းဖြစ်သည်။

တိုက်စစ်မှူး ဗလာဟိုဗစ်သည် ဂျူဗင်တပ်အသင်းနှင့်အတူ ၂၀၂၁-၂၀၂၂ မှ ၂၀၂၅-၂၀၂၆ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၁၆၈ ပွဲကစားပြီး ၆၈ ဂိုး သွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် ဘီဆစ်တပ်စ်အသင်းက ခေါ်ယူခဲ့ခြင်းဖြစ်သည်။

ဘီဆစ်တပ်စ်အသင်းသည် လာမည့် ဘောလုံးရာသီအတွက် ကြိုတင်ပြင်ဆင်မှုအနေဖြင့် လက်ရှိအပြောင်းအရွှေ့ဈေးကွက်အတွင်းတွင် ကစားသမား ရှစ်ဦးအထိ ခေါ်ယူအားဖြည့်ထားပြီးဖြစ်သည်။ **(ဝဲပုံ)(NGB)**

## အက်ဆီကွီလ်ပလာစီယို့စ် လေဗာကူဆင်အသင်းတွင် ဆက်ရှိသွားမည်



**မြူးနစ် ဩဂုတ် ၁၄**

ကွင်းလယ်ကစားသမား အက်ဆီကွီလ်ပလာစီယို့စ်အသင်းမှ ထွက်ခွာမည်ဆိုသော သတင်းများသည် ကောလာဟလများသာဖြစ်ကြောင်း၊ အသင်းတွင်သာဆက်ရှိသွားမည်ဖြစ်ကြောင်း လေဗာကူဆင်အသင်းက အတည်ပြု ထုတ်ပြန်ကြေညာခဲ့သည်။

အသက်(၂၇)နှစ်အရွယ်ရှိ ကွင်းလယ်ကစားသမားကို လက်ရှိအချိန်တွင် အစ်ဆွစ်ချ်အသင်းက ခေါ်ယူရန် စိတ်ဝင်စားနေသော်လည်း ၎င်းက လေဗာကူဆင်အသင်းတွင်သာ ဆက်ရှိသွားမည်ဖြစ်သည်။

ကွင်းလယ်ကစားသမား အက်ဆီကွီလ်ပလာစီယို့စ်သည် လေဗာကူဆင်အသင်းနှင့်အတူ ၂၀၁၉-၂၀၂၀ မှ ၂၀၂၅-၂၀၂၆ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၁၈၅ ပွဲကစားပြီး ၁၅ ဂိုး သွင်းယူကာ ခြေစွမ်းပြထားသည်။

လေဗာကူဆင်အသင်းထုတ်ပြန်ချက်တွင် 'အက်ဆီကွီလ်ပလာစီယို့စ်အသင်းတွင် ဆက်ရှိသွားမှာပါ။ သူဟာ အသင်းအတွက် ကစားသမားကောင်းတစ်ယောက်ပါ'ဟု ထုတ်ပြန်သည်။ **(ယာပုံ) (NGB)**

## ဒိုကူ မန်စီးတီးအသင်းနှင့် သက်တမ်းတိုးစာချုပ်ချုပ်ဆို

**လန်ဒန် ဩဂုတ် ၁၄**

မန်စီးတီးအသင်းသည် အသင်းတောင်ပံကစားသမား ဒိုကူကို ၂၀၃၁ ခုနှစ်အထိ သက်တမ်းတိုးစာချုပ် ချုပ်ဆိုခဲ့ကြောင်း အတည်ပြု ထုတ်ပြန်ကြေညာခဲ့သည်။




အဆိုပါ နောက်ခံကစားသမားသည် မန်စီးတီးအသင်းနှင့်အတူ ၂၀၂၃-၂၀၂၄ မှ ၂၀၂၅-၂၀၂၆ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၁၃၁ ပွဲကစားပြီး ၂၂ ဂိုး သွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် အသင်းက သက်တမ်းတိုးစာချုပ် ချုပ်ဆိုခဲ့ခြင်းဖြစ်သည်။

အသက်(၂၄)နှစ်အရွယ်ရှိ ဒိုကူက 'ကျွန်တော်အသင်းနဲ့ သက်တမ်းတိုးစာချုပ် ချုပ်ဆိုခဲ့ပါပြီ။ လာမည့် ဘောလုံးရာသီသစ်မှာ ဒီအသင်းနဲ့အတူ အောင်မြင်မှုဆုဖလားများစွာလည်း ရယူသွားဦးမှာပါ။ ကစားသမားဘဝကိုလည်း ဒီအသင်းမှာပဲ ကုန်ဆုံးသွားလိုပါတယ်'ဟု ပြောသည်။ **(ဝဲပုံ) (NGB)**

## မက်ဆီ ဘောလုံးကစားသမားဘဝမှ အနားယူဖွယ်ရှိ

**လန်ဒန် ဩဂုတ် ၁၄**

အင်တာမိုင်ယာမီအသင်း တိုက်စစ်မှူး မက်ဆီသည် ဖခင်ဖြစ်သူအား ဆုံးရှုံးပြီးနောက် ဘောလုံးကစားသမားဘဝမှ အနားယူသွားဖွယ်ရှိနေသည်။

အဆိုပါ တိုက်စစ်မှူးသည် ဖခင်ဖြစ်သူ ဆုံးရှုံးခဲ့ပြီးနောက် ၎င်း၏ အင်စတာဂရမ်တွင် ဖခင်ကို လွမ်းဆွတ်တမ်းတခြင်းနှင့် ဘောလုံးကစားသမားဘဝမှ အနားယူရန် အဓိပ္ပာယ်သက်ရောက်သည့် စာသားများကို တင်ခဲ့သည်။



တိုက်စစ်မှူး မက်ဆီသည် ကစားသမားဘဝတစ်လျှောက်တွင် ဘာစီလိုနာ၊ ပီအက်စ်ဂျီ၊ အင်တာမိုင်ယာမီစသည့်ကလပ်အသင်းများတွင် ကစားခဲ့ပြီး အောင်မြင်မှုများစွာ ရယူနိုင်ခဲ့သလို နိုင်ငံ့လက်ရွေးစင်အသင်းဖြစ်သည့် အာဂျင်တီးနားလက်ရွေးစင်အသင်းနှင့်လည်း နိုင်ငံတကာပွဲပေါင်း ၂၀၇ ပွဲထိကစားကာ ၁၂၅ ဂိုးအထိ သွင်းယူနိုင်ခဲ့သည်။

ထို့ကြောင့် တိုက်စစ်မှူး မက်ဆီအနေဖြင့် လက်ရှိထွက်ပေါ်နေသည့် သတင်းများအတိုင်း ဘောလုံးကစားသမားဘဝမှ အမှန်တကယ်အနားယူ သွားမည်လားဆိုသည်မှာ စောင့်ကြည့်ရမည်ဖြစ်သည်။ **(ဝဲပုံ)(NGB)**

## ဇာဗီကို နည်းပြသစ်အဖြစ် နယ်သာလန်အသင်း ခန့်အပ်

**လန်ဒန် ဩဂုတ် ၁၄**

နယ်သာလန်အသင်းသည် အသင်းနည်းပြသစ်အဖြစ် နည်းပြ ဇာဗီကို ခန့်အပ်ခဲ့ကြောင်း အတည်ပြု ထုတ်ပြန်ကြေညာခဲ့သည်။

အသက်(၄၆)နှစ်အရွယ်ရှိ နည်းပြသည် နယ်သာလန်အသင်းနှင့်အတူ လေးနှစ်သက်တမ်းရှိ စာချုပ်တစ်ရပ် ချုပ်ဆိုခဲ့သည်။

နယ်သာလန်အသင်းသည် အစောပိုင်းက နည်းပြသစ်အဖြစ် နည်းပြ မာတီးနက်ဇ်ကို ခန့်အပ်မည်ဟု သတင်းများထွက်ပေါ်ခဲ့သော်လည်း ချက်ချင်းဆိုသလို အပြောင်းအလဲဖြစ်ကာ နည်းပြ ဇာဗီကိုသာ ခန့်အပ်ခဲ့ခြင်းဖြစ်သည်။

နည်းပြ ဇာဗီသည် နည်းပြဘဝတစ်လျှောက်တွင် အယ်လ်ဆက်ဒ်၊ ဘာစီလိုနာ စသည့် အသင်းများကို ကိုင်တွယ်ခဲ့ပြီး အတွေ့အကြုံရှိသည့် နည်းပြတစ်ဦးဖြစ်ခြင်းကြောင့် နယ်သာလန်အသင်းက နည်းပြသစ်အဖြစ် ခန့်အပ်ခဲ့ခြင်းဖြစ်သည်။

ဇာဗီက 'ကျွန်တော့်ကို ယုံကြည်စွာနဲ့ တာဝန်ပေးအပ်ခဲ့တဲ့ အသင်းတာဝန်ရှိသူအားလုံးကို အထူးကျေးဇူးတင်ပါတယ်။ ဒီအသင်းအောင်မြင်တိုးတက်ဖို့ အစွမ်းကုန် ကြိုးစားသွားမှာပါ'ဟု ပြောသည်။ **(အောက်ပုံ) (NGB)**



## လူကာကူကို တစ်နှစ်စာချုပ်ဖြင့် ဖီနာဘာချီအသင်း ခေါ်ယူ

**တူရင် ဩဂုတ် ၁၄**

တူရကီကလပ် ဖီနာဘာချီအသင်းသည် နာပိုလီအသင်း တိုက်စစ်မှူး လူကာကူကို တစ်နှစ်စာချုပ်ဖြင့် ခေါ်ယူခဲ့ကြောင်း အတည်ပြု ထုတ်ပြန်ကြေညာခဲ့သည်။

အဆိုပါ တိုက်စစ်မှူးသည် နာပိုလီအသင်းနှင့်အတူ ၂၀၂၄-၂၀၂၅ မှ ၂၀၂၅-၂၀၂၆ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၄၅ ပွဲကစားပြီး ငါးဂိုး သွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် ဖီနာဘာချီအသင်းက ခေါ်ယူခဲ့ခြင်းဖြစ်သည်။




တိုက်စစ်မှူး လူကာကူသည် ငယ်စဉ်က တူရကီတွင် နေခဲ့ဖူးခြင်းကြောင့် ယခုလို ပြန်လည်ရောက်ရှိလာမှုအပေါ် အရမ်းစိတ်လှုပ်ရှားကြောင်းလည်း ထုတ်ဖော်ပြောကြားခဲ့သည်။

ထို့ကြောင့် အသက်(၃၃)နှစ်အရွယ်ရှိ တိုက်စစ်မှူး လူကာကူအနေဖြင့် လာမည့် ဘောလုံးရာသီသစ်တွင် ဖီနာဘာချီအသင်းနှင့်အတူ အောင်မြင်မှုများ ရယူသွားနိုင်မည်လားဆိုသည်မှာ စိတ်ဝင်စားဖွယ် စောင့်ကြည့်ရမည်ဖြစ်သည်။ **(ဝဲပုံ) (NGB)**

## 2026 National Bank Open တင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲအဆင့်သို့ Iga Swiatek တက်ရောက်

**တိုရွန်တို ဩဂုတ် ၁၄**

ကနေဒါနိုင်ငံတွင် ကျင်းပလျက်ရှိသော အမျိုးသမီးတင်းနစ်ပြိုင်ပွဲဖြစ်သည့် 2026 National Bank Open တင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲအဆင့်သို့ ပိုလန်တင်းနစ်မယ် Iga Swiatek တက်ရောက်ခဲ့သည်။

အဆိုပါ ပိုလန်တင်းနစ်မယ် Iga Swiatek သည် 2026 National Bank Open တင်းနစ်ပြိုင်ပွဲ ဆီမီးဖိုင်နယ်အဆင့်တွင် ယူကရိန်းတင်းနစ်မယ် Elina Svitolina ကို ၆-၁၊ ၁-၆၊ ၆-၃ ဖြင့် အနိုင်ရရှိကာ ဗိုလ်လုပွဲအဆင့်သို့ တက်ရောက်ခဲ့ခြင်းဖြစ်သည်။



2026 National Bank Open တင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲအဆင့်တွင် ပိုလန်တင်းနစ်မယ် Iga Swiatek နှင့် ကာဇက်စတန်တင်းနစ်မယ် Elena Rybakina တို့ ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။ **(ဝဲပုံ) (NGB)**

*******

## စပိန်လာလီဂါ ဘောလုံးပြိုင်ပွဲ(ပွဲစဉ်-၁)ဇယား

နိုင်ကမ္ဘာ

| ရက်/ အချိန် | ပွဲစဉ် | ယမန်နှစ်ရလဒ် |
|---|---|---|
| ၁၆-၈-၂၀၂၆<br>နံနက် ၀၀:၀၀ နာရီ | အလာဗက် - ဂီတာဖေး | အလာဗက်စ် ၀-၂ ဂီတာဖေး<br>ဂီတာဖေး ၁-၁ အလာဗက်စ် |
| ၁၆-၈-၂၀၂၆<br>နံနက် ၀၂:၀၀ နာရီ | ဆီဗီလာ - ဗယ်လက်ကာနို | ဆီဗီလာ ၁-၁ ဗယ်လက်ကာနို<br>ဗယ်လက်ကာနို ၀-၁ ဆီဗီလာ |

## အင်္ဂလိပ် ချန်ပီယံရှစ် ဘောလုံးပြိုင်ပွဲ(ပွဲစဉ်-၁)ဇယား

နိုင်ကမ္ဘာ

| ရက်/ အချိန် | ပွဲစဉ် | ယမန်နှစ်ရလဒ် |
|---|---|---|
| ၁၅-၈-၂၀၂၆<br>ညနေ ၆:၀၀ နာရီ | ဘော်လ်တန် - ပရက်စတန် | ဘော်လ်တန် ၁-၂ ပရက်စတန်<br>ပရက်စတန် ၂-၂ ဘော်လ်တန် |
| ၁၅-၈-၂၀၂၆<br>ည ၈:၃၀ နာရီ | ချာလ်တန် - ဒါဘီ | ချာလ်တန် ၁-၂ ဒါဘီ<br>ဒါဘီ ၁-၁- ချာလ်တန် |
| ။ | စတုတ် - ဆွမ်ဆီး | စတုတ် ၂-၁ ဆွမ်ဆီး<br>ဆွမ်ဆီး ၂-၀ စတုတ် |
| ၁၅-၈-၂၀၂၆<br>ည ၁၁:၀၀ နာရီ | ရှက်ဖီးလ်(Utd) - ဘာမင်ဂမ် | ရှက်ဖီးလ်(Utd) ၃-၀ ဘာမင်ဂမ်<br>ဘာမင်ဂမ် ၁-၁ ရှက်ဖီးလ်(Utd) |

## မန္တလေးမြို့ နန်းမြို့တွင်းရှိ နယ်မြေခံတပ်မတော်ဆေးရုံ၌ တက်ရောက်ဆေးကုသမှုခံယူနေသူများအား သွားရောက်ကြည့်ရှုအားပေး



**မန္တလေး ဩဂုတ် ၁၄**

မန္တလေးတိုင်းဒေသကြီး၊ မန္တလေးမြို့၊ နန်းမြို့တွင်းရှိ နယ်မြေခံတပ်မတော်ဆေးရုံ၌ တက်ရောက်ဆေးကုသမှုခံယူလျက်ရှိသော အရာရှိ၊ စစ်သည်၊ မိသားစုဝင်များနှင့် ဒေသခံပြည်သူများအား ယနေ့နံနက်ပိုင်းတွင် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်အောင်ဌေးနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှု၍ တစ်ဦးချင်း၏ ရောဂါဖြစ်ပွားမှု၊ ဆေးကုသပေးထားမှုနှင့် ကျန်းမာရေးတိုးတက်ကောင်းမွန်မှုအခြေအနေများကို ရင်းရင်းနှီးနှီးလိုက်လံမေးမြန်း အားပေးစကားပြောကြားပြီး ဆေးရုံတက်လူနာများအား အာဟာရဖြည့်စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်သည်။

ထို့နောက် တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ဆေးရုံအတွင်း လိုက်လံကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **(ဝ၃၈)**



## ချောက်မြို့တွင် ဧရာဝတီမြစ်ရေမြင့်တက်မှုကြောင့် အနိမ့်ပိုင်း ရပ်ကွက်လူနေအိမ်များ မြစ်ရေများ ဝင်ရောက်လျက်ရှိ

**ချောက် ဩဂုတ် ၁၄**

မကွေးတိုင်းဒေသကြီး၊ ချောက်ခရိုင်၊ ချောက်မြို့နယ်၌ ဧရာဝတီမြစ်ရေမြင့်တက်လာမှုကြောင့် အနိမ့်ပိုင်းရပ်ကွက်များဖြစ်သော အမှတ်(၃)၊ အမှတ်(၄)၊ အမှတ်(၇)၊ အမှတ်(၈)၊ အမှတ်(၁၄)ရပ်ကွက်ရှိ လူနေအိမ်များတွင် မြစ်ရေများ ဝင်ရောက်လျက်ရှိသည်။

ချောက်မြို့၏ ဧရာဝတီမြစ်ရေ စိုးရိမ်အမှတ်မှာ ၁၄၅၀ စင်တီမီတာဖြစ်ပြီး မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၏ ဩဂုတ် ၁၃ ရက် နံနက် ၆ နာရီအချိန်တိုင်းထွာချက်အရ ၁၃၂၈ စင်တီမီတာသို့ ရောက်ရှိရာ စိုးရိမ်အမှတ်သို့ ရောက်ရှိရန် ၁၂၂ စင်တီမီတာလိုကြောင်း သိရသည်။

ထိုကြောင့် ဧရာဝတီမြစ်ကမ်းဘေးတစ်လျှောက်ရှိ အနိမ့်ပိုင်းရပ်ကွက်နေထိုင်သူများအနေဖြင့် သတိဖြင့် နေထိုင်ကြရန်အသိပေးနှိုးဆော်ခြင်းနှင့်အတူ မြို့နယ်သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့ ဥက္ကဋ္ဌ ဦးစိုးလွင်နှင့်အဖွဲ့ဝင်များ၊ လူမှုကူညီရေးအသင်းအဖွဲ့များက မြစ်ရေဝင်ရောက်မှုကြောင့် နေထိုင်ရန်မသင့်တော့သည့် ရပ်ကွက်များမှ အိမ်ထောင်စု ၉၈စု၊ လူဦးရေ စုစုပေါင်း၄၂၃ဦးအား ယာယီရေဘေးရှောင် စုရပ်နေရာများသို့ ကူညီရွှေ့ပြောင်း ဆောင်ရွက်ပေးခဲ့ပြီး ယခုထက် ဧရာဝတီမြစ်ရေများ ဆက်လက် မြင့်တက်လာပါက အရေးပေါ်ကူညီကယ်ဆယ်ရေးအဖွဲ့များ အသင့်စုဖွဲ့ဆောင်ရွက်ထားရှိ၍ အချိန်နှင့်တစ်ပြေးညီ ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်အသင့်ရှိကြောင်း သိရသည်။**ကျော်မိုး(ပြန်/ဆက်)**

## လွှတ်တော်ကိုယ်စားလှယ်များနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန တာဝန်ရှိသူများနှင့် တွေ့ဆုံ၍ ဖွံ့ဖြိုးရေးအစီအမံများ ရေးဆွဲ

**ပုသိမ်ကြီး ဩဂုတ် ၁၄**

မန္တလေးတိုင်းဒေသကြီး၊ ပုသိမ်ကြီးမြို့နယ်၊ မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ဩဂုတ် ၁၂ ရက် နံနက် ၁၀ နာရီက မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအစီအမံများ ရေးဆွဲခြင်းကို တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များ တက်ရောက်ခဲ့သည်။

အဆိုပါ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အစီအမံများ ရေးဆွဲခြင်းကို ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းနိုင်၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီအဖွဲ့ဝင် ဦးကိုကိုလွင်၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်ကိုကို၊ ကျေးလက်လမ်းဦးစီးဌာန ဦးစီးအရာရှိ ဒေါ်မို့မို့ခိုင်၊ မြို့နယ်စီမံကိန်းဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်လွှင်လွှင်နုနှင့် ဝန်ထမ်းများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်မှ ပြည်သူနှင့် အစိုးရကြား ချိတ်ဆက်ဆောင်ရွက်ပေးခြင်းသာဖြစ်ကြောင်းနှင့် ပြည်သူလူထုအတွက် အမှန်တကယ်လိုအပ်သည်များကို ဦးစားပေး လျာထားဆောင်ရွက်ကြရန် ဆွေးနွေးခဲ့ပြီး တက်ရောက်လာကြသူများက ဘဏ္ဍာနှစ်အလိုက် လျာထားဆောင်ရွက်မည့် အခြေအနေများကို တင်ပြခဲ့ပြီးနောက် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်မှ ဖြည့်စွက်ဆွေးနွေးပေးခဲ့ကြောင်း သိရသည်။

**(အောက်ပုံ) ရွှေရန်ကင်း**



## အဓိကသီးနှံများ ပန်းတိုင်အထွက်နှုန်းရရှိရေး တောင်သူနည်းပညာပေးဆွေးနွေးပွဲကျင်းပ



**တပ်ကုန်း ဩဂုတ် ၁၄**

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်တပ်ကုန်းမြို့နယ်တွင် စိုက်ပျိုးရေးဦးစီးဌာန ၂၀၂၆-၂၀၂၇ ခုနှစ်၊ (မိုး၊ ဆောင်း၊ နွေ) သီးနှံရာသီအလိုက် အဓိကသီးနှံများ ပန်းတိုင်အထွက်နှုန်းရရှိရေး တောင်သူနည်းပညာပေး ဆွေးနွေးပွဲကို ယမန်နေ့ မွန်းလွဲပိုင်းက ညောင်ငါးပင်(မ)ကျေးရွာ၊ ဘုန်းတော်ကြီးကျောင်းတွင် ကျင်းပခဲ့သည်။ **(အပေါ်ပုံ)**

အဆိုပါ တောင်သူနည်းပညာပေး ဆွေးနွေးပွဲတွင် စိုက်ပျိုးရေးဦးစီးဌာန၊ စိုက်ပျိုးပညာပေးရေးဌာနခွဲ၊ ညွှန်ကြားရေးမှူး ဦးတိုးမင်းက အဓိက သီးနှံများ ပန်းတိုင်အထွက်နှုန်းရရှိရေးအတွက် ဌာနမှ ဆောင်ရွက်လျက်ရှိသော လုပ်ငန်းများနှင့် ဆီထွက်သီးနှံများကို နိုင်ငံ့စီးပွားမြှင့်တင်ရေးစီမံကိန်းဖြင့် ဆောင်ရွက်ထားရှိမှုများ၊ ကန်ထရိုက်လယ်ယာစနစ်တွင် လိုက်နာဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များအကြောင်း၊ ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာခင်ဇာကျော်က ဆီထွက်သီးနှံများ ပန်းတိုင်အထွက်နှုန်းရရှိရေးအတွက် လိုက်နာရမည့် နည်းလမ်းကောင်းများအကြောင်းကို ပရိဂျက်တာဖြင့် ရှင်းလင်းပညာပေး ဆွေးနွေးခဲ့သည်။

ထို့နောက် တောင်သူနည်းပညာပေးဆွေးနွေးပွဲသို့ တက်ရောက်လာသည့် မြို့နယ်အတွင်းရှိ ဆီစက်လုပ်ငန်းရှင်များနှင့် ဥသျှစ်ကုန်း၊ ညောင်ငါးပင်၊ သပြေသာ၊ ညောင်လွန့်၊ ကြက်သွန်ခင်း၊ တဲမြင့်ကျေးရွာများမှ တောင်သူများက သိရှိလိုသည်များကို မေးမြန်းခဲ့ကြရာ စိုက်ပျိုးရေးဦးစီးဌာန (ရုံးချုပ်)ပညာရှင်များ၊ ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်စိုက်ပျိုးရေးဦးစီးဌာန ဒုတိယတိုင်းဦးစီးမှူးနှင့် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးအရာရှိတို့က ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့ပြီး စိုက်ပျိုးရေးဝန်ထမ်းများက လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

## ပုဗ္ဗသီရိမြို့နယ်၊ သာယာကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်း

**နေပြည်တော် ဩဂုတ် ၁၄**

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဇေယျာသီရိခရိုင်၊ ပုဗ္ဗသီရိမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက သစ်ယာကုန်းကျေးရွာအုပ်စု၊ သာယာကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းကို ယနေ့နံနက်ပိုင်းက အဆိုပါကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ ပုဗ္ဗသီရိမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကိုကိုက မြစိမ်းရောင်ကျေးရွာစီမံကိန်း၏ ရည်ရွယ်ချက်၊ အကျိုးကျေးဇူးများ၊ ဆောင်ရွက်မည့်လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံဝန်ထမ်းက ကော်မတီရွေးချယ်ဖွဲ့စည်းရာတွင် လိုက်နာရမည့်အချက်များ၊ ကော်မတီဝင်များ၏ တာဝန်ဝတ္တရားများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ပုဗ္ဗသီရိမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများ၏ ကြီးကြပ်မှုဖြင့် တက်ရောက်လာကြသော ရပ်မိရပ်ဖများ၊ ကျေးရွာသူ၊ ကျေးရွာသားများ၏ သဘောဆန္ဒနှင့်အညီ မြစိမ်းရောင်ကျေးရွာစီမံကိန်း ကော်မတီဝင် ခုနစ်ဦးကို ရွေးချယ်ဖွဲ့စည်းပေးခဲ့ကြောင်း သိရသည်။ **(ယာပုံ)**

**နေဘ်လူး**



# မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဦးခင်မောင်အေး မဟာအောင်မြေမြို့နယ် (၄၁)လမ်း ကုန်စိမ်းတန်း(ညဈေး)တွင် ရောင်းဝယ်ဖောက်ကားနေမှုနှင့် သန့်ရှင်းသပ်ရပ်မှုရှိစေရေး ဆောင်ရွက်ထားမှု ကြည့်ရှုစစ်ဆေး

**မန္တလေး ဩဂုတ် ၁၄**

မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့၊ စည်ပင်သာယာရေးဝန်ကြီး၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ၊ မြို့တော်ဝန် ဦးခင်မောင်အေးသည် ဈေးနှင့်သားသတ်ဌာန၊ သန့်ရှင်းရေးဌာနတို့မှ ဌာနမှူးများနှင့်အတူ ယနေ့နံနက်ပိုင်းက မဟာအောင်မြေမြို့နယ်၊ ကမ်းနားလမ်းမကြီး၊ ၄၁ လမ်း ကုန်စိမ်းတန်း(ညဈေး)သို့ သွားရောက်ကာ ဈေးရောင်းဝယ်ဖောက်ကားနေမှုအခြေအနေများနှင့် သန့်ရှင်းသပ်ရပ်မှုရှိစေရေး ဆောင်ရွက်ထားရှိမှုအခြေအနေများကို ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့သည်။

ဦးစွာ ၄၁ လမ်း ကုန်စိမ်းတန်း(ညဈေး)မျက်နှာစာ၊ ကမ်းနားလမ်းမကြီး အနောက်ဘက်ခြမ်းရှိ (၅ ဒသမ ဝ၈)ဧက အကျယ်တွင် မြေဖို့လုပ်ငန်းဆောင်ရွက်ပြီးစီးမှုအခြေအနေကို ကြည့်ရှုစစ်ဆေးရာ ဈေးနှင့် သားသတ်ဌာန၊ ခေတ္တဌာနမှူးက ဈေးရှေ့မျက်နှာစာနှင့် လမ်းလယ်ကျွန်းတို့တွင် ရောင်းချလျက်ရှိသော ပွဲကျဈေးသည်များနှင့် မော်တော်ယာဉ်၊ သုံးဘီးယာဉ်၊ တွန်းလှည်းများဖြင့် ရောင်းချနေမှုများအား ယာဉ်ကြောရှုပ်ထွေးမှုမရှိစေရေးအတွက် အဆိုပါမြေဖို့ဆောင်ရွက်ထားရှိပြီးဖြစ်သော မြေနေရာမှ (၂ ဒသမ ၅၄)ဧက နေရာအကျယ်တွင် ရွှေ့ပြောင်းရောင်းချစေနိုင်ရေး လျာထားဆောင်ရွက်ထားရှိမှု အစီအစဉ်များနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြရာ မြို့တော်ဝန်က ဈေးရှေ့တွင် ယာဉ်ကြောရှုပ်ထွေးမှုမရှိစေဘဲ စနစ်တကျသပ်ရပ်သန့်ရှင်းစွာဖြင့် ရောင်းချနိုင်ရေး စီစဉ်ဆောင်ရွက်သွားရန် ဖြည့်စွက်မှာကြားခဲ့သည်။







ဆက်လက်၍ မြို့တော်ဝန်နှင့်အဖွဲ့သည် ၄၁ လမ်း၊ ကုန်စိမ်းတန်း(ညဈေး)အတွင်း ဖွင့်လှစ်ရောင်းချလျက်ရှိသော ဆိုင်ခန်းစုစုပေါင်း (၁၅၈၄)ခန်းတွင် လာရောက်ရောင်းချလျက်ရှိသော ဈေးသည်များအား ရင်းရင်းနှီးနှီးတွေ့ဆုံကာ ဈေးရောင်းချမှုအခြေအနေများကို မေးမြန်းခဲ့သည်။

ထို့နောက် ဈေးအုပ်ချုပ်မှုရုံးခန်းတွင် ဈေးအကျိုးတော်ဆောင်အဖွဲ့ဝင်များအား တွေ့ဆုံကာ ဈေးအတွင်း သန့်ရှင်းသပ်ရပ်မှုရှိစေရေး၊ ရေစီးရေလာကောင်းမွန်ရေး၊ အမှိုက်များ သိမ်းဆည်းမှုအခြေအနေများနှင့် ပတ်သက်၍ ဆွေးနွေးပြောကြားကာ ဈေးအင်္ဂါရပ်များနှင့်အညီ ဖြစ်စေရေးအတွက် မြို့တော်စည်ပင်မှ ဆောင်ရွက်ပေးရမည့်ကိစ္စရပ်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

ယင်းနောက် အဆိုပါဈေးဧရိယာတောင်ဘက်ခြမ်းတွင် တည်ဆောက်လျက်ရှိသော ပွဲရုံတန်းဆိုင်ခန်းများ ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးကာ မြို့တော်ဝန်က ရေနုတ်မြောင်းများ စနစ်တကျဖောက်လုပ်ပေးရေးနှင့် အမှိုက်များစနစ်တကျစွန့်ပစ်ရေးဆိုင်ရာကိစ္စရပ်များကို မှာကြားခဲ့ကြောင်း သိရသည်။

(မန္တလေးနေ့စဉ်)

၀-၀-၀-၀-၀

## မိုးသီးနှံ စိုက်ပျိုးရာသီတွင် ပဲတီစိမ်း ၁၃၅၅၅ ဧက စိုက်ပျိုးခဲ့ရာ ၆၃၇ ဧက ရိတ်သိမ်းပြီး

**မြစ်သား ဩဂုတ် ၁၄**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ မြစ်သားမြို့နယ်၌ ၂၀၂၆-၂၀၂၇ ခုနှစ် မိုးသီးနှံ စိုက်ပျိုးရာသီတွင် ပဲတီစိမ်းသီးနှံ ၁၃၅၅၅ ဧက စိုက်ပျိုးခဲ့ပြီး အချို့ကျေးရွာများတွင် ဆောလျင်စွာ စိုက်ပျိုးထားသည့် ပဲတီစိမ်းစိုက်ခင်းများမှာ အောင်မြင်ဖြစ်ထွန်းပြီး စတင်သိမ်းဆည်းလျက်ရှိကြောင်း မြစ်သားမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနရုံးမှ သိရသည်။



မြစ်သားမြို့နယ်၌ ဒေသခံတောင်သူများသည် နှစ်စဉ်မိုးသီးနှံစိုက်ပျိုးရာသီတွင် ကင်းတားဆည်ရေကို အမှီပြုပြီး ဈေးကွက်ရှိသည့် ပဲတီစိမ်းသီးနှံကို အားထားစိုက်ပျိုးလုပ်ကိုင်ကြသည်။

မြစ်သားမြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်း ၁၃၅၅၅ ဧက စိုက်ပျိုးနိုင်ခဲ့ပြီး ယခုအခါ စတင်ရိတ်သိမ်းလျက်ရှိရာ ၆၃၇ ဧက ရိတ်သိမ်းပြီးဖြစ်ကြောင်း တစ်ဧကလျှင် ၁၉ ဒသမ ၁၅ တင်းနှုန်းဖြင့် စုစုပေါင်း ၁၂၁၉၈ တင်း ထွက်ရှိသည်။

ထိုသို့ ဒေသခံတောင်သူများ မိုးပဲတီစိမ်းသီးနှံများ စိုက်ပျိုးရာ၌ တစ်ဧက သီးနှံအထွက်နှုန်း တိုးတက်ကောင်းမွန်စေရေးအတွက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနရှိ နယ်မြေအလိုက် ကွင်းဆင်းဝန်ထမ်းများက အခြေခံစိုက်ပျိုးရေးနည်းပညာများနှင့် သီးနှံပိုးမွှားရောဂါကြိုတင်ကာကွယ်ရေးနည်းလမ်းများကို ကွင်းဆင်းကြီးကြပ်ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သဖြင့် ပဲတီစိမ်းသီးနှံစိုက်ခင်းများမှာ ယခင်နှစ်ကထက် ယခုနှစ်တွင် သီးနှံအထွက်နှုန်း ပိုမိုကောင်းမွန်ခဲ့သည်။

မိုးသီးနှံ စိုက်ပျိုးရာသီတွင် ပဲတီစိမ်းကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်းစားသုံးမှုကို ဖူလုံစေမည့်အပြင် ပိုလျှံမှုကို ပြည်ပပို့ကုန်အဖြစ်ပါ တင်ပို့ရောင်းချနိုင်မည်ဖြစ်ကြောင်း၊ ထုတ်လုပ်မှုနှင့် ဈေးကွက်လိုအပ်ချက်ဖြစ်သော ဝယ်လိုအားမျှတလာပါက ကုန်ဈေးနှုန်းတည်ငြိမ်၍ လူမှုစီးပွားဘဝများလည်း တိုးတက်ဖွံ့ဖြိုးလာမည်ဖြစ်သောကြောင့် ပဲတီစိမ်းကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းဆောင်ရွက်သင့်ကြောင်း မြစ်သားမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစိုးမင်းနိုင်ထံမှ သိရသည်။ (ဓဲပုံ)

ဝါဝါမြင့်(မြစ်သား)



## (၃၈)ကြိမ်မြောက် ထောက်ပံ့ငွေနှင့် အခြေခံစားသောက်ကုန်များ လှူဒါန်း

**မန္တလေး ဩဂုတ် ၁၄**

မန္တလေး၊ မဟာအောင်မြေမြို့နယ်၊ ရဲမွန်တောင်ရပ်ကွက်အတွင်းရှိ သက်ကြီးဘိုးဘွားများနှင့် ချို့တဲ့အိမ်ထောင်စုများကို (၃၈)ကြိမ်မြောက် ထောက်ပံ့ငွေနှင့် အခြေခံစားသောက်ကုန်များ လှူဒါန်းပေးအပ်ခြင်းကို ယနေ့နံနက် ၉ နာရီက ရဲမွန်တောင်ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး၌ ကျင်းပသည်။

အခမ်းအနားသို့ တက်ရောက်လာသော ရပ်ကွက်နေပြည်သူများအား မုန့်ဟင်းခါးဖြင့် ဧည့်ခံကျွေးမွေးခဲ့ပြီး အမှတ်(၄)စစ်နယ်မှူး၊ မဟာအောင်မြေမြို့နယ် ဒုတိယအုပ်ချုပ်ရေးမှူး ဦးကျော်လင်းခိုင်၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ အဖွဲ့ဝင် ဦးစိုးထွန်း၊ ဦးထွန်းမြင့်ဦးနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူး၊ ရပ်မိ၊ ရပ်ဖများ တက်ရောက်ခဲ့ကြသည်။

ထိုထောက်ပံ့ပေးအပ်မှုတွင် သက်ကြီးဘိုးဘွား ၃၀ ဦးအား တစ်ဦးလျှင် ငွေကျပ် ၂၀,၀၀၀ နှင့် အခြေခံစားသောက်ကုန်များ ထောက်ပံ့ပေးခဲ့သည်။ ထို့အပြင် ရပ်ကွက်အတွင်းရှိ အိမ်ထောင်စု ၉၅ စုအား တစ်စုလျှင် ငွေကျပ် ၁၀,၀၀၀၊ ဆန် နှစ်ပြည်၊ ဆီ ၅၀ ကျပ်သား၊ ကြက်ဥ ၁၀ လုံး၊ ကြက်သွန်နီ ၅၀ ကျပ်သား၊ ဆားတစ်ထုပ်နှင့် ဆပ်ပြာခရင်တစ်ဘူး တို့ကို ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။ (အပေါ်ပုံ)

(မန္တလေးနေ့စဉ်-၆)

## မဟာအောင်မြေမြို့နယ်၌ မွေးကင်းစမှ အသက်တစ်နှစ်ခွဲအရွယ် ကလေးသူငယ်များကို ပုံမှန်ကာကွယ်ဆေးတိုက်ကျွေး ထိုးနှံခြင်း ဆောင်ရွက်

**မန္တလေး ဩဂုတ် ၁၄**

မန္တလေး၊ မဟာအောင်မြေမြို့နယ်၌ မွေးကင်းစမှ အသက်တစ်နှစ်ခွဲအရွယ် ကလေးသူငယ်များအား ပုံမှန်ကာကွယ်ဆေးတိုက်ကျွေးထိုးနှံခြင်း အစီအစဉ်ကို ကျန်းမာရေးလမ်းညွှန်ချက်နှင့်အညီ ဩဂုတ် ၁၃ ရက် နံနက် ၉ နာရီက မဟာအောင်မြေအရှေ့ရပ်ကွက်၊ ဒေသန္တရ ကျန်းမာရေးဌာနခွဲတွင် ဆောင်ရွက်ခဲ့သည်။

အဆိုပါ ကာကွယ်ဆေးထိုးနှံရာတွင် မွေးကင်းစမှ အသက်တစ်နှစ်ခွဲအရွယ် ကလေးသူငယ်များအား အသက်အရွယ်အလိုက် ပိုင်းခြား၍ ဘီစီဂျီ၊ ပြင်းထန်အဆုတ်ရောင်၊ ဆုံဆို့ကြက်ညှာ၊ မေးခိုင်၊ အသည်းရောင်အသားဝါဘီပိုးကာကွယ်ဆေး၊ ဦးနှောက်အမြှေးရောင်(ငါးမျိုးစပ်ကာကွယ်ဆေး)၊ ဝက်သက်နှင့်ဂျိုက်သိုးရောဂါကာကွယ်ဆေး၊ ဂျပန်ဦးနှောက်ရောင်ကာကွယ်ဆေး၊ ပိုလီယိုကာကွယ်ဆေးနှင့် ဝမ်းပျက်ဝမ်းလျှော(ရိုတာ) ကာကွယ်ဆေးတိုက်ကျွေးထိုးနှံပေးပြီး ကလေးသူငယ်များအား ကိုယ်အလေးချိန်တိုင်းတာပေးခြင်း၊ ကျန်းမာရေးစစ်ဆေးပေးခြင်းနှင့် ကိုယ်ဝန်ဆောင်မိခင်များအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးခြင်းတို့ကို မြို့နယ်ဒေသန္တရ ကျန်းမာရေးဌာနခွဲမှ ဝန်ထမ်းများက ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ (၀၅၆)

# လူငယ်ရေးရာ အသိပညာပေးဟောပြောပွဲနှင့် ပြပွဲဆောင်ရွက်

**မြို့သစ် ဩဂုတ် ၁၄**

မကွေးတိုင်းဒေသကြီး၊ မြို့သစ်မြို့နယ်တွင် ကျောင်းသား၊ ကျောင်းသူများ လူကုန်ကူးမှု အန္တရာယ်နှင့်ပတ်သက်၍ အသိပညာဗဟုသုတရရှိစေရန်အတွက် လူကုန်ကူးမှုတားဆီးကာကွယ်ရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲနှင့် ပြပွဲကို ယမန်နေ့ မွန်းလွဲပိုင်းက လဲလူကျေးရွာအုပ်စု၊ လဲလူကျေးရွာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)၌ ကျင်းပခဲ့သည်။

အဆိုပါအသိပညာပေးဟောပြောပွဲတွင် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ဝင်းအိဖွန့်က မြန်မာနိုင်ငံလူကုန်ကူးမှုတိုက်ဖျက်ရေးနေ့ဖြစ်ပေါ်လာပုံ၊ လူကုန်ကူးမှု၏ အဓိပ္ပာယ်၊ လူကုန်ကူးမှုခံရသည့်အကြောင်းအရင်း၊ လူကုန်ကူးမှု မခံရအောင် သတိပြုရှောင်ကြဉ်ရမည့်အချက်များ၊ လူကုန်ကူးမှုနှင့်ပတ်သက်သည့် ပြစ်မှု၊ ပြစ်ဒဏ်များ၊ လူကုန်ကူးမှုခံရပါက ဆက်သွယ်တိုင်ကြားနိုင်သည့်နေရာများနှင့် လူကုန်ကူးမှုဆိုင်ရာ အသိပညာပေးအကြောင်းအရာများကို ဟောပြောဆွေးနွေးပြီး ကျောင်းသား၊ ကျောင်းသူများအား လူကုန်ကူးမှုအန္တရာယ်တားဆီးကာကွယ်ရေးဆိုင်ရာ အသိပညာပေး နံရံကပ်စာစောင်များကို ပြသဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ဝင်းအိဖွန့်(ပြန်/ဆက်)**

၀-၀-၀-၀-၀-၀-၀

# စာဖတ်ရှိန်မြှင့်တင်ရေးလှုပ်ရှားမှု အသိပညာပေးဟောပြောပွဲနှင့် နံရံကပ်စာစောင်ပြပွဲများ ကွင်းဆင်းဆောင်ရွက်

**တောင်တွင်းကြီး ဩဂုတ် ၁၄**

ကျောင်းသား၊ ကျောင်းသူများ အသိပညာဗဟုသုတတိုးပွားစေရန်၊ ငယ်ရွယ်စဉ်ကလေးဘဝမှစ၍ စာအုပ်၊ စာပေနှင့် ရင်းနှီးစေရန်၊ စာပေလေ့လာဖတ်ရှုမှတ်သားသည့် အလေ့အထဖြစ်ပေါ်စေရန်နှင့် ဗလငါးတန်နှင့် ပြည့်စုံသည့် လူငယ်၊ လူရွယ်များ ပေါ်ထွန်းလာစေရန်ရည်ရွယ်၍ မကွေးတိုင်းဒေသကြီး၊ တောင်တွင်းကြီးမြို့နယ်တွင် စာဖတ်ရှိန်မြှင့်တင်ရေးလှုပ်ရှားမှု အသိပညာပေးဟောပြောပွဲကို ယမန်နေ့ နံနက်ပိုင်းက ညောင်ပင်လှကျေးရွာ၊ အခြေခံပညာမူလတန်းလွန်ကျောင်းသို့ သွားရောက်၍ ကွင်းဆင်းဆောင်ရွက်ခဲ့သည်။



အဆိုပါဟောပြောပွဲတွင် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်အေးမိုးမိုးမြင့်က ကျောင်းသားလူငယ်များ ရည်မှန်းချက်ထားကြိုးစားရန်၊ ကျောင်းသင်ခန်းစာများကို အထောက်အကူဖြစ်စေမည့် စာအုပ်၊ စာပေများကိုလည်း လေ့လာဖတ်ရှုမှတ်သားရန်နှင့် စာပေလေ့လာဖတ်ရှုခြင်း၏ အကျိုးကျေးဇူးများကို အသိပညာပေးဟောပြောခဲ့ပြီး ကျောင်းသား၊ ကျောင်းသူရင်သွေးငယ်များအား အသိပညာပေး ပုံပြင်များ ပြောကြားပေးခြင်း၊ စိတ်ဝင်စားစရာ ကောင်းစေသော ကလေးစာအုပ်၊ စာစောင်များ ဖတ်ရှုစေခြင်း၊ ဖတ်ရှုသည့် စာအုပ်ပါ အကြောင်းအရာများကို မေးမြန်းဖလှယ်ခြင်းများ ဆောင်ရွက်ပေးခြင်းနှင့် အသိပညာပေး နံရံကပ်စာစောင်များ ပြသခဲ့ကြောင်း သိရသည်။

**(အပေါ်ဝဲပုံ)**

**နောင်နောင်(ဗိသုကာနိုးမြေ)**

# စာဖတ်ရှိန်မြှင့်တင်ရေး လူငယ်ရေးရာ အသိပညာပေးဟောပြောပွဲ ကျင်းပ

**ဇမ္ဗူသီရိ ဩဂုတ် ၁၄**

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အစိုးရစက်မှုလက်မှုသိပ္ပံ(နေပြည်တော်)တို့ ပူးပေါင်းကျင်းပသည့် စာဖတ်ရှိန်မြှင့်တင်ရေး လူငယ်ရေးရာအသိပညာပေးဟောပြောပွဲကို ဩဂုတ် ၁၃ ရက် နံနက်ပိုင်းက အစိုးရစက်မှုလက်မှုသိပ္ပံ(နေပြည်တော်) ခန်းမ၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ နေပြည်တော် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါ်သင်းသင်းဇင်က အဖွင့်အမှာစကားပြောကြားပြီး အခမ်းအနားမှူးက စာရေးဆရာ ကိုရွှေအောင်သင်း၏ အတ္ထုပ္ပတ္တိကို ဖတ်ကြားခဲ့ပြီးနောက် စာရေးဆရာ ကိုရွှေအောင်သင်းက "လူငယ်နှင့်အနာဂတ် နိုင်ငံတော်" ခေါင်းစဉ်ဖြင့် လူငယ်ရေးရာအသိပညာပေးဟောပြောကာ ကျောင်းသား၊ ကျောင်းသူများ၏ သိရှိလိုသည့်မေးခွန်းများအပေါ် ပြန်လည်ဖြေကြားပြီး မေးခွန်းများမေးမြန်းဆွေးနွေးခဲ့ကြသည့် ကျောင်းသားများအား အမှတ်တရလက်ဆောင်နှင့်ကိုယ်တိုင်ရေးစာအုပ်များကို ပေးအပ်ချီးမြှင့်ပေးခဲ့သည်။

ထို့နောက် နေပြည်တော် စာကြည့်တိုက်များဖောင်ဒေးရှင်း ဥက္ကဋ္ဌ ဦးမောင်မောင်တာက အစိုးရစက်မှုလက်မှုသိပ္ပံ(နေပြည်တော်) စာကြည့်တိုက်အတွက် စာအုပ်၊ စာစောင်များ ပေးအပ်လှူဒါန်းရာ နေပြည်တော် နည်းပညာတက္ကသိုလ်မှ ကျောင်းအုပ်ဆရာကြီး ဒေါက်တာမင်းမင်းထွန်းက လက်ခံရယူပြီး ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့သည်။

ဆက်လက်၍ အသိပညာပေးဟောပြောပေးပါသော စာရေးဆရာ ကိုရွှေအောင်သင်းအား နေပြည်တော် နည်းပညာတက္ကသိုလ်မှ ကျောင်းအုပ်ဆရာကြီး ဒေါက်တာ မင်းမင်းထွန်းက ဂါဝရပြုလက်ဆောင်များ ပေးအပ်ခဲ့သည်။

ထို့နောက် အခမ်းအနားသို့ တက်ရောက်လာကြသော ကျောင်းသား၊ ကျောင်းသူများက ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခင်းကျင်းပြသထားသည့် စာဖတ်ရှိန်မြှင့်တင်ရေး လူငယ်ရေးရာ အသိပညာပေး နံရံကပ်စာစောင်များနှင့် လူငယ်ရေးရာ အသိပညာပေး စာအုပ်၊ စာစောင်များကို စိတ်ပါဝင်စားစွာ ကြည့်ရှုလေ့လာခဲ့ကြကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

၀-၀-၀-၀-၀-၀-၀




ဖတ်စရာ၊ မှတ်စရာ
စုံလင်
ယနေ့ဆွေး

## ပျော်မြူးရွှင်ပြ ဝါခေါင်လ

* လဝါခေါင် သပြေသီး တို့
ဝင်းမှည့်ပြီး ချိုဆိမ့်ဖြာ
စားချင်စရာ ။
သူငယ်ချင်းတွေ ပေါင်းစုကာ
ခူးဆွတ်စွာ သုပ်လို့စား ။
ရေဖွေးဖွေးမယ် လေ့လော်ကူး ကာပ
ရွှင်မြူးပျော်ပါး ။

* လုံမေနမ ဆံနွယ်ဖျား မာလ
ပန်ကာထား ခတ္တာပေ
မွှေးပျံ့ကြိုင်ဝေ ။
မိုးပုလဲတို့ ဖွဲဖွဲစွေ
ရွှတ်ဖတ်ဝေ လန်းဖြာသ ။
အညာမြေ လယ်စိုက်ပျိုးလို့
ဆင့်တိုးယဉ်လှ ။

* ရှုမြင်မဆုံး စိမ်းမြမြ ရယ်နဲ့
သဘာဝ တို့မြန်ပြည်
ဝသန်ရာသီ ။
မေတ္တာတော်လ အခါမည်
ဝါတွင်းတည် စန်းနက္ခတ် ။
ဖျိုင်းတာရာ ယှဉ်ကာမြူး ပါလို့
ထူးဘိလမြတ် ။ ။

**မင်းမြတ်မိုး(မန်းမြေ)**

# စာဖတ်ရှိန်မြှင့်တင်ရေး အသိပညာပေးဟောပြောပွဲနှင့် နံရံကပ်စာစောင်ပြပွဲ ကျင်းပ

**ကျောက်ဆည် ဩဂုတ် ၁၄**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့်ပညာရေးဦးစီးဌာနတို့ပူးပေါင်းပြီး ကျောင်းသား၊ ကျောင်းသူများ အသိပညာဗဟုသုတများရရှိပြီး စာဖတ်ရှိန်မြှင့်တင်ရေး ကျောက်ဆည်မြို့နယ်၊ သင်တောင်းကျေးရွာ အခြေခံပညာမူလတန်းကျောင်းတွင် ဩဂုတ် ၁၃ ရက် နံနက် ၁၀ နာရီက အသိပညာပေးဟောပြောပွဲနှင့် နံရံကပ်စာစောင်ပြပွဲ ကျင်းပခဲ့သည်။

အသိပညာပေးဟောပြောပွဲတွင် ကျောက်ဆည်မြို့နယ်၊ သင်တောင်းကျေးရွာ အခြေခံပညာမူလတန်းကျောင်းမှ ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်မာဌေးက ငယ်ရွယ်စဉ်အချိန်ကပင် ကျောင်းစာအပြင် ပြင်ပဗဟုသုတပြည့်စုံရေးနှင့် အားလပ်ချိန်များတွင် စာပေများ လေ့လာဖတ်ရှုစေရေး အသိပညာပေးဟောပြောပွဲနှင့် စာအုပ်ပြပွဲများ ကျင်းပပေးခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားခဲ့ပြီး ကျောက်ဆည်ခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ခင်နှင်းရီက စာပေဖတ်ရှုခြင်း၏ အကျိုးကျေးဇူးများအကြောင်းနှင့် အလိမ္မာစာမှာရှိ၊ ပညာရွှေအိုးလူမခိုး၊ ပညာလိုအိုသည်မရှိ စသည့် စာပေအကျိုးကျေးဇူးများအကြောင်း အသိပညာပေးဟောပြောခဲ့သည်။ **(အောက်ပုံ)**

အသိပညာပေးဟောပြောပွဲအပြီးတွင် ကျောင်းသား၊ ကျောင်းသူများက ကျောက်ဆည်ခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ပြသထားသည့် ကလေးအလုပ်သမားပပျောက်ရေး၊ အရွယ်မရောက်သေးသော ကလေးသူငယ်များ စစ်မှုထမ်းခြင်းမှ တားဆီးကာကွယ်ရေး အသိပညာပေး နံရံကပ်စာစောင်များအား စိတ်ပါဝင်စားစွာ ကြည့်ရှုခဲ့ကြောင်း သိရသည်။

**စုစုအေး**



❖ နိုင်ငံတော်ရှေ့သို့ ကုန်ထုတ်လုပ်မှု အားပေးစို့။

❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။

❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင် ထိန်းကြစို့။

# ၂၀၂၆ ခုနှစ် ဝန်ကြီးဌာနပေါင်းစုံ ဖူဆယ်ပြိုင်ပွဲ ဗိုလ်လုပွဲကျင်းပ ဆောက်လုပ်ရေးဝန်ကြီးဌာနအသင်း ပထမတံခွန်စိုက်ဆုဖလား ဆွတ်ခူးရရှိ




နေပြည်တော် ဩဂုတ် ၁၄

အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်၊ ဖူဆယ်နှင့် သဲသောင်ပြင် ဆပ်ကော်မတီတို့ ပူးပေါင်းကျင်းပသည့် ၂၀၂၆ ခုနှစ် ဝန်ကြီးဌာနပေါင်းစုံ ဖူဆယ်ပြိုင်ပွဲ ဗိုလ်လုပွဲကို ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစား ကွင်းရှိ ဖူဆယ်အားကစားရုံ၌ ကျင်းပရာ ဆောက်လုပ်ရေးဝန်ကြီးဌာနအသင်းက ကာကွယ်ရေးဝန်ကြီးဌာန အသင်းကို လေးဂိုး-သုံးဂိုးဖြင့် အနိုင်ရဗိုလ်စွဲပြီး တံခွန်စိုက်ဖလားကို ဆွတ်ခူးရရှိသွားသည်။

ဝန်ကြီးဌာနပေါင်းစုံ ဖူဆယ်(အမျိုးသား) ဗိုလ်လုပွဲ အဖြစ် ကာကွယ်ရေးဝန်ကြီးဌာနအသင်းနှင့် ဆောက် လုပ်ရေးဝန်ကြီးဌာနအသင်းတို့ အကြိတ်အနယ် ယှဉ်ပြိုင်ကစားခဲ့ရာ ပထမပိုင်းပွဲကစားချိန် ၆ မိနစ်

စာမျက်နှာ ၁၀ သို့ ❍

## Hyundai ASEAN Championship အမျိုးသားဘောလုံးပြိုင်ပွဲ အကြိုဗိုလ်လုပွဲ ပွဲစဉ်များနှင့် ဗိုလ်လုပွဲ ပွဲစဉ်များအား MRTV မှ တိုက်ရိုက်ထုတ်လွှင့်မည်

နေပြည်တော် ဩဂုတ် ၁၄

Hyundai ASEAN Championship အမျိုးသား ဘောလုံးပြိုင်ပွဲ၏ အကြိုဗိုလ်လုပွဲ ပွဲစဉ်များနှင့် ဗိုလ်လုပွဲ ပွဲစဉ်များအား စင်ကာပူ၊ မလေးရှား၊ ထိုင်းနှင့် ဗီယက်နမ်နိုင်ငံတို့တွင် ကျင်းပသွားမည် ဖြစ်သည်။

အကြိုဗိုလ်လုပွဲ ပွဲစဉ်များနှင့် ဗိုလ်လုပွဲပွဲစဉ် များအဖြစ် ဩဂုတ် ၁၅ ရက် ည ၇ နာရီခွဲအချိန် တွင် စင်ကာပူအသင်းနှင့် ထိုင်းအသင်းတို့ သည် စင်ကာပူအားကစားကွင်း၌ လည်းကောင်း၊ ဩဂုတ် ၁၆ ရက် ည ၇ နာရီခွဲအချိန်တွင်

စာမျက်နှာ ၁၀ သို့ ❑

# နိုင်ငံတော်နှင့် တပ်မတော်၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို လက်ခံယုံကြည်သည့် PDF အမည်ခံအဖွဲ့ဝင် အမျိုးသား ၁၈ ဦးနှင့် အမျိုးသမီး နှစ်ဦး လက်နက်၊ ခဲယမ်းများနှင့်အတူ ဥပဒေဘောင်အတွင်းသို့ ဝင်ရောက်

နေပြည်တော် ဩဂုတ် ၁၄

နိုင်ငံတော်အစိုးရသည် PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုး အမည်ခံ၍ လက်နက်ကိုင်ဆန့်ကျင် လျက်ရှိသည့် အဖွဲ့အစည်းများ အတွင်း ရောက်ရှိနေသူများအား ဥပဒေဘောင်အတွင်းသို့ ပြန်လည် ဝင်ရောက်ရန်ဖိတ်ခေါ်၍ ဥပဒေ ဘောင်အတွင်းသို့ ပြန်လည်ဝင် ရောက်လာကြသူများအား လိုအပ် သည့် ကူညီပံ့ပိုးမှုများဆောင်ရွက် ပေးလျက်ရှိရာ နိုင်ငံတော်နှင့် တပ်မတော်၏ ငြိမ်းချမ်းရေး လုပ်ငန်းစဉ်များကို နားလည် သဘောပေါက်လာသည့် PDF အမည်ခံ အဖွဲ့ဝင်အမျိုးသား ၁၈ဦး နှင့် အမျိုးသမီးနှစ်ဦး စုစုပေါင်း ၂၀ သည် လက်နက်၊ ခဲယမ်းများနှင့်အတူ ယနေ့တွင် ဥပဒေဘောင်အတွင်း သို့ ထပ်မံဝင်ရောက်လာကြသည်။




ထိုသို့ ဥပဒေဘောင်အတွင်း လက်နက်/ခဲယမ်းများနှင့် အတူ ပြန်လည် ဝင်ရောက်လာကြသည့် ပဲခူးတိုင်းဒေသကြီး ရေတာရှည် မြို့မှ အမျိုးသား သုံးဦး၊ အမျိုးသမီး နှစ်ဦး၊ နတ်တလင်းမြို့မှ အမျိုးသား သုံးဦး၊ အုတ်ဖိုမြို့မှ အမျိုးသား ရှစ်ဦး၊ ညောင်လေးပင်မြို့မှ အမျိုးသား လေးဦး စုစုပေါင်း PDF အမည်ခံအဖွဲ့ဝင် အမျိုးသား ၁၈ ဦး နှင့် အမျိုးသမီးနှစ်ဦးတို့အား ကြိုဆို လက်ခံ၍ မိဘအုပ်ထိန်းသူများထံ ပြန်လည်လွှဲပြောင်းအပ်နှံပွဲကိုယနေ့ နံနက်ပိုင်းတွင် တောင်ပိုင်းတိုင်း စစ်ဌာနချုပ်ရှိ အေးချမ်းဖြိုးခန်းမ၌ ပြုလုပ်ရာ တိုင်းမှူး ဗိုလ်ချုပ် စိုးကျော်ထက်နှင့် တိုင်းဒေသကြီး ဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိ သူများ၊ ဥပဒေဘောင်အတွင်း ပြန်လည် ဝင်ရောက်လာခဲ့ကြသည့် အဖွဲ့ဝင်များနှင့် ၎င်းတို့၏မိဘ အုပ်ထိန်းသူများ တက်ရောက်ကြ သည်။

ဦးစွာ တိုင်းမှူးက နယ်မြေဒေသ တည်ငြိမ်အေးချမ်းရေး၊ တရား ဥပဒေပုဒ်မများနှင့် ပတ်သက်၍ အသိပညာပေးစကားများ ရှင်းလင်း ဆွေးနွေး ပြောကြားသည်။ ထို့နောက် ဥပဒေဘောင်အတွင်း ပြန်လည် ဝင်ရောက်ခဲ့ကြသူများ က ၎င်းတို့နှင့်အတူ ပါရှိလာသည့် MA-1 သေနတ် သုံးလက်၊ M-4 သေနတ်သုံးလက်၊ BA-63 သေနတ် တစ်လက်၊ အိနာဂါဗုံးသီး တစ်လုံး၊ လက်ပစ်ဗုံး သုံးလုံး၊ ၅ ဒသမ ၅၆ မမကျည် ၃၂၂ တောင့်၊ ၇ ဒသမ ၆၂ မမကျည် အတောင့် ၁၄၀၊ ကိုးလုံးကျည် ၁၃ တောင့်နှင့် ကျည် အိမ် ငါးခုတို့ကို လွှဲပြောင်းအပ်နှံ ရာ တိုင်းမှူးက လက်ခံရယူသည်။ ယင်းနောက် တိုင်းမှူးနှင့် တာဝန် ရှိသူများက လက်နက်၊ ခဲယမ်းများ နှင့်အတူ ဥပဒေဘောင်အတွင်း ဝင်ရောက် လာသူများအား မောင်းပြန်ရိုင်ဖယ် ခုနစ်လက် အတွက် ဆုကြေးငွေကျပ် သိန်း ၃၅၀၊ အိနာဂါဗုံးသီး တစ်လုံး အတွက် ဆုကြေးငွေကျပ်သုံးသိန်း၊ လက်ပစ်ဗုံး သုံးလုံးအတွက် ဆုကြေးငွေကျပ် ကိုးသိန်းနှင့် အလင်းဝင်ရောက်လာသူ ၂၀ အား တစ်ဦးလျှင် ဆုကြေးငွေကျပ် နှစ်သိန်းစီဖြင့် ငွေကျပ် သိန်း ၄၀ စုစုပေါင်း ဆုကြေးငွေကျပ် ၄၀၂ သိန်းနှင့် ထောက်ပံ့ပစ္စည်းများ ပေးအပ်ကာ ခံဝန်ကတိလက်မှတ် ရေးထိုးစေပြီး မိဘအုပ်ထိန်းသူ များထံ ပြန်လည်လွှဲပြောင်းအပ်နှံ ပေးရာ အလင်းဝင်ရောက်လာသူ များ၏ကိုယ်စား အလင်းဝင်လာသူ တစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ထိုသို့ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာကြသူများ အား ပြန်လည်ကြိုဆိုလက်ခံ၍ လိုအပ်သည့် ကူညီပံ့ပိုးမှုများ ဆောင်ရွက်ပေးကာ မိဘအုပ်ထိန်း သူများထံသို့ စနစ်တကျပြန်လည် လွှဲအပ်ပေးလျက်ရှိရာ ဥပဒေဘောင် အတွင်းသို့ ပြန်လည်ဝင်ရောက်ရန် ဆန္ဒရှိသူများ ကျန်ရှိနေသေး ကြောင်း သိရှိရပြီး ဥပဒေဘောင် အတွင်း ပြန်လည်ဝင်ရောက်လို သူများအနေဖြင့် နီးစပ်ရာခရိုင်၊ မြို့နယ်အုပ်ချုပ်ရေးအဖွဲ့များ၊ တပ် စခန်းများနှင့် ရဲစခန်းများသို့ အမြန် ဆက်သွယ် သတင်းပေးပို့လာပါက ကြိုဆိုလက်ခံကာ လိုအပ်သည့် ကူညီထောက်ပံ့မှုများ ပေးအပ်သွား မည်ဖြစ်ကြောင်းနှင့် လက်နက်/ ခဲယမ်းများအတွက် ဆုကြေးငွေ များ ပေးအပ်သွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# ရန်ကုန်ယူနိုက်တက် (ယူ-၂၀) အသင်းကို အား/ကာသိပ္ပံ (ယူ-၂၀) အသင်းက အနိုင်ယူ

**ရန်ကုန် ဩဂုတ် ၁၄**

မြန်မာနေရှင်နယ်လိဂ် (ယူ-၂၀) အမှတ်ပေးပြိုင်ပွဲ (Week-13) ပွဲစဉ်တစ်ပွဲအဖြစ် အား/ ကာသိပ္ပံ (ယူ-၂၀)အသင်းနှင့် ရန်ကုန်ယူနိုက်တက်(ယူ-၂၀) အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ အား/ကာသိပ္ပံ(ယူ-၂၀)အသင်း က ရန်ကုန်ယူနိုက်တက်(ယူ-၂၀) အသင်းကို သုံးဂိုး၊ တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

ရန်ကုန်ယူနိုက်တက် အသင်းအတွက် တစ်လုံးတည်း သောဂိုးကို ခွန်းချိုထူးက သွင်း ယူပေးခဲ့ပြီး အား/ကာသိပ္ပံ အသင်းအတွက် မာန်ရဲလေးနှင့် မင်းကိုခန့်တို့က ဂိုးများ သွင်းယူ ပေးခဲ့သည်။

အမှတ် နှစ်မှတ်သာ ကွာဟ နေသည့် အသင်းများဖြစ်သည့် အတွက် အဆိုပါပွဲစဉ်မှာ ပြိုင်ဆိုင် မှုပြင်းထန်ခဲ့သည်။ ပွဲချိန် ၃၉ မိနစ် တွင် လမင်းပြည့်စုံက တစ်ဖက် နောက်တန်းနှင့်အပြိုင် ဘောလုံး ဆွဲယူလာခဲ့ပြီး ဧရိယာအတွင်း တစ်ဖက်နောက်တန်းက ဖြတ် ထုတ်ရာတွင် ကြမ်းတမ်းခဲ့သဖြင့် ရန်ကုန်အသင်း ပင်နယ်တီရရှိခဲ့ သည်။ အဆိုပါပင်နယ်တီကို ခွန်းချိုထူးက အမှားအယွင်းမရှိ သွင်းယူပေးခဲ့ပြီး ရန်ကုန်အသင်း ဦးဆောင်ဂိုး ရရှိခဲ့သည်။

အဆိုပါ ဂိုးပေးလိုက်ရပြီး နောက် အား/ကာသိပ္ပံ လူငယ် အသင်းက ချေပဂိုးရရှိရေးအတွက် ပြန်လည်ဖိအားပေးကစားခဲ့ရာ ပထမပိုင်းမပြီးမီ မာန်ရဲလေးက ချေပဂိုး သွင်းယူပေးခဲ့သဖြင့် ပထမ ပိုင်းတွင် တစ်ဖက်တစ်ဂိုးစီဖြင့် ပြီးဆုံးခဲ့သည်။

ဒုတိယပိုင်းတွင် နှစ်ဖက် အသင်းစလုံး ဂိုးရရှိရေးအတွက် တိုက်စစ်ဆင်ကစားခဲ့ကြပြီး အား/ကာသိပ္ပံအသင်းက ပွဲချိန် ၅၉ မိနစ်နှင့် ၇၀ မိနစ်တို့တွင် ဂိုးများ ထပ်မံရရှိခဲ့သည်။ အဆို ပါ ဂိုးများကို မင်းကိုခန့်က သွင်း ယူပေးခဲ့ပြီး ပွဲပြီးဆုံးချိန်တွင် အား/ကာသိပ္ပံ(ယူ-၂၀)အသင်း က ရန်ကုန်ယူနိုက်တက်(ယူ-၂၀)အသင်းကို သုံးဂိုးတစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။ **(NGB)**

